မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၂၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)ဖွင့်ပွဲကျင်းပ
နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်
ပြည်တွင်းစက္ကူ လိုအပ်ချက်ကိုသာမက ပြည်ပသို့ပျော့ဖတ်များ ရောင်းချသွားမည်

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၄

ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းအောက်ရှိ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် စက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားကာ စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ရုံဖွင့်ပွဲတက်ရောက်

စက်ရုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ✡

ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းအောက်ရှိ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို တွေ့ရစဉ်။(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၁၅ ရက်)

သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိအောင် စနစ်တကျထုတ်လုပ် ကျောက်မျက်ရတနာပင်ရင်းဈေးကွက် ပေါ်ထွက်ရန်ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကျောက်မျက်ရတနာများ အပါအဝင် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ အဆိုပါ သဘာဝသယံဇာတများကို စနစ်တကျ ရေရှည် ထုတ်ယူသုံးစွဲမှသာလျှင် နိုင်ငံတော်၏ စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီကို ဖွဲ့စည်းပြီး ကျောက်မျက်ရတနာများ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများအား မူဝါဒများနှင့်အညီ စနစ်တကျရှိစေရန် ကွပ်ကဲကြပ်မတ် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မေလ ၁၃ရက်နေ့က ရန်ကုန်မြို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်–

“ကျောက်စိမ်း၊ ပတ္တမြား၊ နီလာစသည့် ကျောက်မျက်ရတနာပင်ရင်းသည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ကျောက်မျက်ရတနာ ပင်မဈေးကွက်သည်လဲ မြန်မာနိုင်ငံပင်ဖြစ်သင့်ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့ ကျောက်မျက်ရတနာ ပင်ရင်းဈေးကွက်ကို ကမ္ဘာ့နိုင်ငံ အများအပြားမှ သိရှိပြီး ဈေးကွက်ကြီးမားကျယ်ပြန့်လာအောင် လုပ်ဆောင်ရန်လိုကြောင်း၊ ကျောက်မျက်ရတနာလုပ်ငန်းများ ဥပဒေနှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန်လိုကြောင်း”
ပြောကြားသွားသည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ စွမ်းအင်ကဏ္ဍများမှ နိုင်ငံခြားငွေများ ရှာဖွေပေးလျက်ရှိရာတွင် ကျောက်မျက်ရတနာကဏ္ဍအနေဖြင့် ကျောက်မျက်ရတနာ ပင်ရင်းဈေးကွက်ကြီးမားကျယ်ပြန့်စေရေး လုပ်ဆောင်ပြီး နိုင်ငံတော်၏ လျာထားချက်ဝင်ငွေ ပြည့်မီစေရန် ကြိုးစားလုပ်ဆောင်ကြရမည် ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာများတွင် ကျောက်စိမ်းသည် အရောင်းရသွက်သည့် ကျောက်မျက်ရတနာဖြစ်ပြီး နိုင်ငံခြားဝင်ငွေအများဆုံးရသည့် တွင်းထွက်ရတနာဖြစ်သည်။ အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းများ ပိုမိုတိုးတက်ထုတ်လုပ်ရရှိနိုင်ရေးအတွက် ကျောက်စိမ်းလုပ်ကွက်ဟောင်းများနှင့် လုပ်ကွက်အသစ်များကို ဟန်ချက်ညီညီ စနစ်တကျ ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့အပြင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ရွှေ စသည်တို့သာမက တန်ဖိုးကြီးမားသည့် စိန်နှင့် ပလက်တီနမ်တို့လည်း မြန်မာနိုင်ငံအတွင်း တည်ရှိနေသည့်အတွက် တိုးချဲ့ရှာဖွေထုတ်လုပ်ကြရန် လိုပေသည်။ နည်းပညာ တိုးတက်ထွန်းကားနေသည့် ယနေ့အချိန်ကာလတွင် ကျောက်မျက်ရတနာများကို ခေတ်မီနည်းကျ ရှာဖွေဖော်ထုတ်ပြီး ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် ဈေးကွက်၌ ဈေးပိုမို ရရှိနိုင်ပေသည်။

ကျောက်မျက်ရတနာများကို တူးဖော်ထုတ်လုပ်ရာ၌ စနစ်တကျ ထုတ်ယူသုံးစွဲမှုမရှိပါက သားစဉ်မြေးဆက်တိုင် အကျိုးခံစားခွင့် ဆုံးရှုံးနိုင်သည့်အပြင် သစ်တောများ ပျက်စီးဆုံးရှုံးခြင်း၊ မြစ်ချောင်းများ တိမ်ကောပျက်စီးခြင်းစသည့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းများ ဖြစ်ပေါ်နိုင်သောကြောင့် သတိပြုလုပ်ဆောင်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရင်း ကြီးမားကျယ်ပြန့်သည့် ကျောက်မျက်ရတနာ ပင်ရင်းဈေးကွက် ပေါ်ထွက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

လွတ်လပ်သော ကုန်သွယ်မှုပြုလုပ်ရန် စင်ကာပူနှင့် ပါကစ္စတန်နှစ်နိုင်ငံ ဆွေးနွေးကြမည်

စင်ကာပူ မေ ၁၃

မိမိ၏စင်ကာပူနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် လာမည့်ဇွန်လတွင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (အက်ဖ်တီအေ) အပြန်အလှန်ရရှိရေးအတွက် ဆွေးနွေးမှုများ စတင်ပြုလုပ်တော့မည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက မေ ၁၀ ရက်တွင် စင်ကာပူ၌ ပြောကြားလိုက်သည်။

စင်ကာပူနှင့် ပါကစ္စတန်နိုင်ငံတို့သည် ယင်းကိစ္စအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းလုပ်ဆောင်ကြရေးကို နှစ်ဦးနှစ်ဖက် စိတ်အားထက်သန်မှုနှင့် သဘောဆန္ဒများ ကိုယ်စီကိုယ်ငှရှိကြသည်ဟု စင်ကာပူနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော ပါကစ္စတန်ဝန်ကြီးချုပ် အဇစ်အား တည်ခင်းသော ညစာစားပွဲတွင် စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက ပြောကြားသည်။

ဖွင့်လှစ်ခွင့်ပြုမည်

နှစ်နိုင်ငံအကြားကုန်သွယ်ရေးဆောင်ရွက်ရာတွင် အက်ဖ်တီအေကြောင့် စုစုစည်းစည်းဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးအတွက် အနာဂတ်ကာလ၌ ဖွင့်လှစ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း မစ္စတာလီက ပြောကြားသည်။ အရှေ့အလယ်ပိုင်းနှင့် တောင်အာရှတွင် စင်ကာပူနိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ရန် စိတ်ဝင်စားမှု မြင့်မားလျက်ရှိကြောင်းလည်း စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ရုရှားနှင့်တရုတ် နှစ်နိုင်ငံဆက်ဆံရေးခိုင်မာစေရန် သမ္မတပူတင်နှင့် သမ္မတဟူကျင်တောင်တို့ သဘောတူညီမှုရရှိ

မော်စကို မေ ၁၃

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ဟူကျင်တောင်တို့သည် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာစေရန် မေ ၉ရက် တနင်္လာနေ့က သဘောတူညီခဲ့ကြပြီး အဓိကအားဖြင့် နိုင်ငံတကာဆိုင်ရာကိစ္စရပ်များတွင် တညီတညွတ်တည်း သဘောတူချက် ရရှိခဲ့ကြသည်။

ကရင်မလင်၌ ပြုလုပ်သည့် ၎င်းတို့၏ဆွေးနွေးပွဲတွင် နာဇီဂျာမနီကို အောင်ပွဲခံခဲ့သော နှစ်(၆၀)ပြည့်နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားသို့ သမ္မတဟူကျင်တောင် တက်ရောက်ခြင်းအတွက် သမ္မတပူတင်က ကျေးဇူးတင်ရှိခဲ့သည်။

ဖက်ဆစ်ဝါဒအပေါ် တရုတ်နှင့်ဆိုဗီယက် ပြည်ထောင်စုတို့ အောင်ပွဲခံခဲ့သည့် သမိုင်းကြောင်းကို ရုရှားအစိုးရနှင့် ပြည်သူများ အစဉ်အမှတ်ရကြောင်း သမ္မတပူတင်က ပြောကြားသည်။

မော်စကိုမြို့ရင်ပြင်နီ၌ ကျင်းပခဲ့သော အောင်ပွဲခံ မေ ၉ ရက် အခမ်းအနားကို သမ္မတဟူက ချီးကျူးခဲ့ပြီး ရုရှားပြည်သူများသည် ဖက်ဆစ်ဝါဒကို ဆန့်ကျင်ရန် ကြိုးပမ်းမှုတွင် ကမ္ဘာသို့ ကြီးမားသော စွမ်းဆောင်မှုကို ပေးခဲ့ကြောင်း၊ တရုတ်လူမျိုးများနှင့် တစ်ကမ္ဘာလုံးက အစဉ်မေ့မည်မဟုတ်ကြောင်း ပြောကြားသည်။

နယ်ပယ်အားလုံးတွင် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကိုတွေ့ရသဖြင့် တရုတ်နိုင်ငံက ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဒေသဆိုင်ရာ တည်ငြိမ်မှုကို ကာကွယ်ရန်အတွက် နှစ်နိုင်ငံသည် ညှိနှိုင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရမည်ဖြစ်ကြောင်းလည်း သမ္မတဟူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စစ်ကြောင့်ပျက်စီးနေသော အီရတ်နိုင်ငံအား ငွေကြေးကူညီရန် သမ္မတသစ် မေတ္တာရပ်ခံ

ဘရာဇီးလီးယား မေ ၁၂

စစ်ကြောင့် ပျက်စီးဆုံးရှုံးနေသော မိမိ၏နိုင်ငံအား ငွေကြေးဖြင့်ကူညီကြရန် အာရပ်နှင့် တောင်အမေရိကနိုင်ငံများအား အီရတ်သမ္မတသစ် ဂျာလာတာလာဘာနီက အင်္ဂါနေ့တွင် မေတ္တာရပ်ခံခဲ့သည်။

ယင်းနေ့တွင် ဘရာဇီးလီးယား၌ ဖွင့်လှစ်ခဲ့သည့် တောင်အမေရိကနှင့်အာရပ်နိုင်ငံများ၏ နှစ်ရက်ကြာထိပ်သီးအစည်းအဝေးတွင် အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် အီရတ်ပြည်သူများအား ထိပ်သီးအစည်းအဝေးက ကူညီမည်ဟု မျှော်လင့်ကြောင်း တာလာဘာနီက ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများကို ရှုတ်ချကြရန် ထိပ်သီးခေါင်းဆောင်များအား ၎င်းက ပန်ကြားခဲ့ပြီး အကြမ်းဖက်မှုများကို တိုက်ဖျက်ရာတွင် အကူအညီ ပေးရန်လည်း ၎င်းကပြောကြားသည်။ အီရတ်နိုင်ငံသည် သယံဇာတ ကြွယ်ဝချမ်းသာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်အလားအလာရှိထားကြောင်း တာလာဘာနီက ပြောကြားသည်။ အီရတ်သည် ပြဿနာအချို့ကို ခံစားနေရသော်လည်း နောက်ဆုံးတွင် ၎င်းတို့မှာ ကျော်လွှားသွားမည်သာဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အရေးပေါ်ငွေကြေးထောက်ပံ့မှု လိုအပ်သည့်နိုင်ငံများအား တောင်အမေရိက–အာရပ်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်က ငွေကြေးထောက်ပံ့ရန်လည်း ၎င်းက မျှော်လင့်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမှာစကားပြောကြား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းအောက်ရှိ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ (သာပေါင်း) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)

✡ **ရွှေဖုံးမှ**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Li Jinjun ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation (MCC) President Mr. Ma Yanli နှင့်တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပုသိမ်ခရိုင်မှ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သာပေါင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ (သာပေါင်း)မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တစ်နေ့ တန်၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း) ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ဧရာဝတီတိုင်း သာပေါင်းဒေသသည် ဤပျော့ဖတ်စက်ရုံကြီးကို အခြေခံပြီး စက္ကူထုတ်လုပ်သည့် စက်မှုလုပ်ငန်းများထွန်းကားရာ နယ်မြေအဖြစ် ခိုင်မာစွာ ပေါ်ထွက်လာတော့မှာ ဖြစ်ကြောင်း။

ဆက်လက်တည်ဆောက်

ဧရာဝတီတိုင်း၏ အနောက်ဘက်ခြမ်းမှာရှိသည့် သာပေါင်း၊ ရေကြည်၊ လေးမျက်နှာ၊ ငပုတောစသည့် မြို့နယ်များနှင့် ရခိုင်ပြည်နယ်မှ ဂွမြို့နယ်၊ မြို့နယ်ပေါင်းငါးမြို့နယ်အတွင်း၌ သဘာဝအရ ပေါက်ရောက်နေသည့် ဝါးတောဧရိယာ ဧကလေးသိန်းခန့်မှ ဝါးကုန်ကြမ်းများကို အခြေပြုပြီး ခေတ်မီနည်းစနစ်များနှင့် ပျော့ဖတ်အဖြူချပ် ထုတ်လုပ်သွားမည့် သာပေါင်းစက်ရုံကြီးသည် တစ်နေ့ကို ဝါးလုံးရေခြောက်သိန်း၊ တန်ချိန်အားဖြင့် ဝါးတန် ၁၂၀၀ ကို ကြိတ်ဝါးအရောင်ချွတ်ပြီး တစ်နေ့ပျော့ဖတ်တန် ၂၀၀ ထုတ်လုပ်သွားမှာဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ပျော့ဖတ်တန်၂၀၀ထဲမှ တန်၁၅၀ခန့်ကို နိုင်ငံခြားသို့ တင်ပို့ပြီး ကျန်တန်၅၀ခန့်ကို ပြည်တွင်း၌ စက္ကူဖြူ၊ စက္ကူချောနှင့်စက္ကူအမျိုးမျိုးထုတ်လုပ်ရေးတွင် သုံးစွဲသွားမှာဖြစ်ကြောင်း၊ ဤကဲ့သို့စက္ကူအမျိုးမျိုးထုတ်လုပ်နိုင်ရန်အတွက် တစ်နေ့တန်၅၀ကျ အဆင့်မြင့်စက္ကူစက်ရုံနှင့် တစ်နေ့တန်၆၀ကျ သတင်းစာစက္ကူစက်ရုံတို့ကို ဆက်လက်တည်ဆောက်သွားမှာဖြစ်ကြောင်း။

နည်းပညာပြန့်ပွားလာ

ထို့ကြောင့် မဝေးကွာတော့သည့် နှစ်ပိုင်းအတွင်းတွင် ယနေ့ဖွင့်လှစ်သည့် ပျော့ဖတ်စက်ရုံကြီးအနီးမှာပင် အဆင့်မြင့်စက္ကူစက်ရုံနှင့်သတင်းစာစက္ကူစက်ရုံတို့ကိုပါ တည်ဆောက်ပြီးမှာဖြစ်သည့်အတွက် သာပေါင်းဒေသသည် စက္ကူနှင့်ဓာတုဗေဒစက်မှုလုပ်ငန်းဇုန်အဖြစ် ပြောင်းလဲရောက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့် စည်ပင်ဝပြောလာတော့မှာ ဖြစ်ကြောင်း၊ ခေတ်မီစက်ကိရိယာပစ္စည်းများကို ကိုင်တွယ်သုံးစွဲသည့် ခေတ်မီနည်းပညာများသည်လည်း ဆက်စပ်ပြန့်ပွားလာမှာဖြစ်ကြောင်း။

လက်ရှိနိုင်ငံပိုင် စက်ရုံများဖြစ်သည့် စစ်တောင်းစက္ကူစက်ရုံ၊ ရေနီစက္ကူစက်ရုံ၊ ပလိပ်သတင်းစာစက္ကူစက်ရုံနှင့်ကံဘဲ့ကုန်ထုတ်စက္ကူစက်ရုံတို့၏ စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်မှုသည် တစ်နှစ်ကို တန်၂၅၀၀၀ခန့်ရှိပြီး ပုဂ္ဂလိကစက္ကူစက်ရုံ၃၀၀ခန့်က တန်၂၇၀၀၀ကျော် ထုတ်လုပ်နိုင်သည့်အတွက် စုစုပေါင်း ပြည်တွင်းစက္ကူမျိုးစုံ ထုတ်လုပ်နိုင်အားသည် တန်၅၂၀၀၀ခန့်သာရှိကြောင်း။

နိုင်ငံတော်၏ စက္ကူလိုအပ်ချက်သည် ခေတ်သစ် စနစ်သစ်ပြောင်းလဲမှုနှင့်အတူ သိသိသာသာတိုးတက်များပြားလာလျက်ရှိပြီး တစ်နှစ်ကို စက္ကူအမျိုးမျိုး တန်ချိန် ၁၆၀၀၀၀ ခန့်ရှိနေကြောင်း၊ ထို့ကြောင့် ပြည်တွင်းစက္ကူထုတ်လုပ်နိုင်အားသည် သုံးစွဲမှုပမာဏ၏ ၃၃ ရာခိုင်နှုန်းခန့်သာ ရှိသည့်အတွက် နိုင်ငံခြားမှ လိုအပ်သည့် စက္ကူများတင်သွင်းပြီး ဖြည့်စွက်သုံးစွဲနေရခြင်းဖြစ်ကြောင်း။

သွင်းကုန်အစားထိုး

ထို့ကြောင့် နိုင်ငံတော်သည် သာပေါင်းပျော့ဖတ်စက်ရုံနှင့် စက္ကူစက်ရုံသစ်များကို ထူထောင်နေရသကဲ့သို့ စက္ကူစက်ရုံဟောင်းများကိုလည်း အကြီးစားမွမ်းမံပြင်ဆင်ပြီး အဆင့်မြှင့်တင်နေရခြင်း ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သာပေါင်းပျော့ဖတ်စက်ရုံက ထုတ်လုပ်သည့် ပျော့ဖတ်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမှာဖြစ်သကဲ့သို့ ပြည်တွင်းတွင်လည်း စက္ကူအမျိုးမျိုးတိုးချဲ့ထုတ်လုပ်ရေးအတွက် သုံးစွဲသွားမှာဖြစ်သည့်အတွက် သာပေါင်းပျော့ဖတ်စက်ရုံ နယ်မြေမှ စက်ရုံများသည် ခေတ်မီပြည်ပပို့ကုန် စက်မှုလုပ်ငန်းအဖြစ်ရော၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဖြစ်ပါ ဒွန်တွဲတည်ရှိသွားမှာ ဖြစ်ကြောင်း။

ပျော့ဖတ်စက်ရုံကြီး တစ်ခုအတွက် မတည်ရင်းနှီးရသည့် ငွေကြေးပမာဏကိုကြည့်လျှင် အမေရိကန်ဒေါ်လာသန်း ၉၀ခန့်နှင့် ပြည်တွင်းသုံးငွေကျပ် ၂၈ ဘီလီယံခန့် သုံးစွဲရသည့်အတွက် အလွန်အရင်းအနှီးကြီးမားသည့် စက်ရုံကြီးဖြစ်ကြောင်း၊ဤစက်ရုံကြီးပတ်ဝန်းကျင်၌ တည်ဆောက်ရန် စတင်ပြင်ဆင်နေသည့် အဆင့်မြင့်စက္ကူစက်ရုံသည် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၈သန်း၊ သတင်းစာစက္ကူစက်ရုံသည် အမေရိကန်ဒေါ်လာ ၃၆သန်းကျော် စသည်ဖြင့် ရင်းနှီးရမှာဖြစ်ကြောင်း။

ဤကဲ့သို့ အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာသုံးစွဲရသည့် စက်ရုံများကို ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ဝင်ရောက်ရင်းနှီးလုပ်ကိုင်ရန် မလွယ်ကူသည့်အပြင် စက္ကူထုတ်လုပ်သည့် စက်မှုလုပ်ငန်းသည် နိုင်ငံတော်အတွက် အမှန်လိုအပ်နေသည့် စက်မှုလုပ်ငန်းအမျိုးအစားဖြစ်သည့်အတွက်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ MCC ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်ရုံမှတာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်က ယခုကဲ့သို့ ရင်းနှီးထူထောင်ရခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို စက်မှုနိုင်ငံအဖြစ် အသွင်ကူးပြောင်းထူထောင်နိုင်ရေးအတွက် မိမိနိုင်ငံ၏ ပေါများလှသည့် သစ်တောထွက်သယံဇာတ ပစ္စည်းများကိုအခြေပြုသည့် စက္ကူနှင့်ပျော့ဖတ်စက်မှုလုပ်ငန်းကို အခြေချ ထူထောင်ခြင်းပင်ဖြစ်ကြောင်း။

အလားတူပင် သာပေါင်းဒေသမှ နေပြီး အညာဒေသကိုတက်သွားလျှင် ပခုက္ကူ၊ ပွင့်ဖြူနှင့် ဆားလင်းကြီးဒေသတို့၌ ခေတ်မီချည်မျှင်နှင့်အထည်စက်ရုံကြီးများကို တည်ဆောက်ပေးလျက်ရှိရာ အဆိုပါဒေသများသည် ဝါနှင့်ချည်မျှင်လုပ်ငန်းဇုန်အဖြစ် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ဤချည်မျှင်နှင့်အထည်စက်ရုံများသည် တစ်နည်းအားဖြင့် လယ်ယာကဏ္ဍကို အခြေခံသော စက်မှုလုပ်ငန်း (Agro Based Industry) အမျိုးအစားဖြစ်သည့်အတွက် နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီသော စက်မှုလုပ်ငန်းဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့

အပျက်အစီး ရာယ် တွန်းလှန်ဖယ်ရှား

ပြည်တွင်းပြည်ပ အောင်မြင်မှုများရရှိနေမှုအပေါ် မလိုလားမရှုဆိတ်သည့် ပြည်ပြေး သစ္စာဖောက်များသည် ပြည်ထောင်စုကြီးပြိုကွဲသွားစေအောင် လှုံ့ဆော်ဖန်တီးလျက်ရှိ၊ မည်သို့သော လုပ်ကြံဖန်တီးမှုများကို ကြုံသည်ဖြစ်စေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအနေဖြင့် ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ ပြည်သူများ နှင့်အတူ လက်တွဲပြီး

နိုင်ငံတော်အစိုးရက စက်မှုနိုင်ငံအဖြစ် အသွင်ကူးပြောင်းထူထောင်နိုင်ရေး မိမိနိုင်ငံ၏ ပေါများလှသည့် သစ်တောထွက်သယံဇာတများ အခြေပြုထူထောင်နေ

စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တစ်နေ့တန်၂၀၀ပျော့ဖတ်စက်ရုံ(သာပေါင်း)စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထိုနည်းတူစွာပင် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၌ လိုအပ်နေသည့် ဘိလပ်မြေစက်ရုံများ၊ သံမဏိစက်ရုံများ၊ သကြားစက်ရုံများ၊ ဆပ်ပြာစက်ရုံများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ၊ ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးစက်ရုံများ၊ ဆေးဝါးစက်ရုံများ၊ အလူမီနီယံ ဝိုင်ယာကြိုးစက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံစသည့် ခေတ်မီစက်မှုလုပ်ငန်းများကို ထူထောင်လျက်ရှိကြောင်း၊ တချို့စက်ရုံများသည် ပြီးစီးပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကိုပင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာသုံးစွဲရသည့် နိုင်ငံပိုင် စက်ရုံများကို ထူထောင်နေသည့်အချိန်တွင် တစ်ဖက်ကလည်း ပုဂ္ဂလိကစက်မှုလုပ်ငန်းတိုးတက်လာရေးအတွက် စက်မှုအခြေခံရှိသည့် နယ်မြေဒေသများ၌ ပုဂ္ဂလိကစက်မှုဇုန်များကို ထူထောင်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းတိုးတက်အောင် အားပေးလျက်ရှိကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်၏ စက်မှုလုပ်ငန်းသည် ဤနှစ်ပိုင်းများအတွင်းမှာ တစ်နှစ်ပျမ်းမျှ ၂၄ ရာခိုင်နှုန်းခန့်ဖြင့် အရှိန်အဟုန်ရှိရှိ တိုးတက်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍကိုအခြေခံသည့် စက်မှုနိုင်ငံအဆင့်မှ စက်မှုနိုင်ငံအဆင့်ကို ကူးပြောင်းနိုင်ရန်အတွက် လိုအပ်သည့်စက်မှုအခြေခံများကို ဆက်လက်ကြိုးပမ်းထူထောင်သွားကြရမှာ ဖြစ်ကြောင်း၊ စက်မှုနိုင်ငံအဖြစ်ထူထောင်နိုင်မှလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဆိုသည့် မျှော်မှန်းချက်သည် လက်တွေ့အကောင်အထည် ပေါ်မှာဖြစ်ကြောင်း။

ဦးစားပေးထူထောင်

နိုင်ငံတော်၏ စီးပွားရေးအင်အား ယခုထက်ပိုမိုတောင့်တင်းလာရေးအတွက် တည်ဆောက်ပြီးသည့် စက်ရုံအလုပ်ရုံများ ရာနှုန်းပြည့် စက်စွမ်းအားပြည့် လည်ပတ်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် တီထွင်ကြံဆကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တစ်ဖက်မှ ဦးစားပေးထူထောင်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ကြပ်မတ်မှုနှင့်အညီ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများကို ဖိဖိစီးစီး အကောင်အထည်ဖော်နေသည့်အတွက် ပြီးခဲ့သောလပိုင်းများ၌ မုန်းရေအားလျှပ်စစ်စက်ရုံ၊ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှင့် တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံများကို ရှေ့စဉ်နောက်ဆက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်မိုးရာသီမှစပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် သိသာစွာ တိုးတက်ဖြန့်ဖြူးနိုင်မှာဖြစ်သည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်တော့မှာဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်နေဆဲ ရေအားလျှပ်စစ် စီမံကိန်း အများစုသည်လည်း လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်းတွင် ပြီးစီးမှာဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အား မပြည့်မစုံဖြစ်နေရသည့် ကုန်ထုတ်လုပ်ငန်းများသည်လည်း ပြေလည်မှုရရှိပြီး ကုန်ထုတ်မှုများ ပိုမိုတိုးတက်မြင့်မားလာတော့မှာ ဖြစ်ကြောင်း။

တိုးတက်လာမည်

သာပေါင်းဒေသ ပါဝင်သည့် ဧရာဝတီတိုင်း၌လည်း လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သားငါးကဏ္ဍကိုအခြေခံသည့် စက်မှုလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းကို အခြေခံသည့် စက်မှုလုပ်ငန်းစသည့် စက်မှုလုပ်ငန်းများသည် လယ်ယာ၊ သားငါး၊ ကုန်သွယ်မှုစသည့် ကဏ္ဍများနှင့်တွဲဖက်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ဧရာဝတီတိုင်းသည် နိုင်ငံတော်အစိုးရ၏ ဖန်တီးပေးထားသော လမ်း၊ တံတားများကြောင့် အခြားပြည်နယ်၊ တိုင်းနှင့်ဆက်သွယ်သွားလာရာမှာရော၊ တိုင်းနယ်မြေအတွင်း မြို့နယ်ချင်း ဆက်သွယ်ရာမှာပါ မော်တော်ကားများဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ မြစ်များ၊ ချောင်းများခြားနေခဲ့သည့် နယ်မြေဒေသများသည် ကန့်သတ်ပိုင်းခြားမှုမရှိ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်တည်ရှိနေပြီဖြစ်ကြောင်း၊ ကုန်းလမ်းကြောင်းခရီးပွင့်ပြီး သွားလာမှုလွယ်ကူလာသည်နှင့်အမျှ ဧရာဝတီတိုင်း၏ စီးပွားရေးအခြေအနေသည်လည်း ယခင်အခြေအနေများနှင့်မတူ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ ထုတ်လုပ်မှုတို့မှာ ဧရာဝတီတိုင်း၏ ပါဝင်မှုအချိုးအစားသည် ပြည်နယ်၊ တိုင်းများထဲတွင် အများဆုံးဖြစ်သည့်အပြင် နိုင်ငံတော်၏ အမျိုးသားစီးပွားရေး (ဂျီဒီပီ)၌ ဧရာဝတီတိုင်းသည် ရှေ့ဆုံးတန်းမှ ပါဝင်အထောက်အကူပြုလျက် ရှိကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်း၏ စီးပွားရေးအခြေအနေသည် နိုင်ငံတော်တစ်ရပ်လုံး၏ စီးပွားရေးကို သိသာစွာ ရောင်ပြန်ဟပ်စေနိုင်ကြောင်း။

ထို့ကြောင့် ဧရာဝတီတိုင်းတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည် မိမိတစ်ဦးချင်း၏ စီးပွားရေးအခြေအနေနှင့် မိမိတိုင်းနယ်မြေ၏ စီးပွားရေးအခြေအနေတို့ကို တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားနေခြင်းသည် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားအောင် တစ်ပြိုင်တည်းဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဆက်စပ်ခံယူနိုင်ကြရမှာဖြစ်ကြောင်း၊ အတ္တနှင့်ပရ အကျိုးစီးပွားကိုမျှတစွာ ဆောင်ရွက်နိုင်ရမှာဖြစ်သကဲ့သို့ ပြည်နယ်/တိုင်း ဒေသတစ်ခုချင်း၏ အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး၏ အကျိုးစီးပွားကို သဟဇာတဖြစ်အောင် ဆောင်ရွက်နိုင်ကြရမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဒေသအလိုက် ကြံစည်ကြိုးစား လုပ်ကိုင်ကြရမှာဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

တက်ရောက်ပန္နက်တင်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး တစ်နေ့တန် ၂၀၀ပျော့ဖတ် စက်ရုံဝင်းအတွင်း၌ တည်ဆောက်မည့် တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံ ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက် ပန္နက်တင်ပေးစဉ်။

(သတင်းစဉ်)



တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ (သာပေါင်း)

ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းအောက်ရှိ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ လယ်ယာ၊ သားငါးကဏ္ဍထုတ်လုပ်မှု၌ ဧရာဝတီတိုင်း၏ပါဝင်မှု အများဆုံးဖြစ်

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ အမျိုးသားစီးပွားရေး(ဂျီဒီပီ)၌ ရှေ့ဆုံးမှပါဝင်လျက်ရှိ

စာမျက်နှာ ၄ မှ

ရေမြေသယံဇာတ ပြည့်စုံမှု၊ အလုပ်လုပ်နိုင်စွမ်းအားရှိသည့် လူဦးရေ တည်ရှိမှု၊ ပညာတတ်လူ့အရင်းအမြစ်နှင့် စီးပွားရေးလုပ်ငန်းရှင် အရင်း အမြစ်ခိုင်မာမှု၊ လမ်းပန်းဆက်သွယ်ရေးအခြေခံကောင်းများ ဖြစ်ထွန်းလာမှု၊ ရပ်ရွာအေးချမ်းတည်ငြိမ်မှုစသည့် ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်း အခြေခံကောင်းများ ပြည့်စုံနေသည့်အပြင် ဧရာဝတီတိုင်းသားများသည်လည်း ကြိုးစားအားထုတ် လုပ်ကိုင်တတ်သူများဖြစ်သည့်အတွက် ဧရာဝတီတိုင်း၏ ရှေ့အလားအလာသည်အလွန်အားရစရာဖြစ်ကြောင်း၊ ယခုပျော့ဖတ်စက်ရုံကဲ့သို့ စက်မှုလုပ်ငန်းအမျိုးအစားသစ် ပေါ်ထွက်လာခြင်း၊ သမားရိုးကျ စီးပွားရေး လုပ်ငန်းမျိုးမဟုတ်ဘဲ ချောင်းသာနှင့်ငွေဆောင် ပင်လယ်ကမ်းခြေအပန်းဖြေ စခန်းများကိုအမှီပြုပြီး ဟိုတယ်နှင့်ခရီးသွားလာမှု စီးပွားရေးလုပ်ငန်းသစ်များ ဖြစ်ထွန်းလာခြင်းတို့သည် ဧရာဝတီတိုင်း၏ စီးပွားရေးအခြေခံကောင်းကို ထပ်လောင်းပြီး အားဖြည့်ပေးလိုက်ခြင်းလည်း ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုးတက်ဖွံ့ဖြိုးနေသည့် ဧရာဝတီတိုင်းကိုသာမက တိုးတက်ဖွံ့ဖြိုးဆဲဒေသများရော အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှု နောက်ကျနေသည့် ဒေသများပါမကျန် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အားလုံးဖြစ်နိုင်သမျှ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာရေး၊ ဒေသတစ်ခုနှင့်တစ်ခု အကြား စီးပွားရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း ကွာဟနေမှုများ ကျဉ်းကျုံ့ပပျောက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုဘဝပြည့်စုံ လုံခြုံရေးတို့အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်လျက်ရှိကြောင်း။

အဖွဲ့များနှင့် နိုင်ငံတော်အစိုးရအကြား အထင်အမြင်လွဲမှားအောင်၊ ယုန်ထင် ကြောင်ထင်ဖြစ်အောင်၊ အဆုံးစွန်၌ ပြည်ထောင်စုကြီးပြိုကွဲသွားစေအောင် လှုံ့ဆော်ဖန်တီးခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ အန္တရာယ်ကြီးမားသည့် ရည်ရွယ်ချက်ကို ပြည်တွင်းပြည်ပ အဖျက်သမားများ ဆက်သွယ်ပေါင်းစပ်ပြီး အစီအစဉ်ရှိရှိ ကြံစည်လုပ်ကိုင်လာမှုကို ပြည်သူများအားလုံး၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ အားလုံး၊ အမျိုးသားနိုင်ငံရေးအင်အားစု အားလုံးက သတိပြုဆင်ခြင်ပြီး ပြင်းပြင်းထန်ထန် ရှုတ်ချကန့်ကွက်ခဲ့မှုများ ပြုလုပ်နေကြသည့်ကြားမှပင် ပြည်ပအားကိုး ပြည်ပလက်ပါးစေ အဖျက်သမားများသည် ကြိုတင်စီမံထားသည့်စီမံချက်နှင့်အညီ အကြမ်းဖက်ဗုံးခွဲမှုများကို ရက်ရက်စက်စက် ကျူးလွန်လာခဲ့ကြသည်ကို အားလုံး အသိပဲဖြစ်ကြောင်း။

လက်ဆောင်ပေးအပ်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တစ်နေ့တန် ၂၀၀ ပျော့ဖတ် စက်ရုံ (သာပေါင်း) ရှင်းလင်းဆောင်၌ MCC ကုမ္ပဏီ ဥက္ကဋ္ဌအား သစ်သီးခြင်း လက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအနီးရှိ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)တွင် အသုံးပြုရန် ငဝန်မြစ်အတွင်းမှ ဝါးများကို ဝန်ချီစက်များဖြင့် တင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒေသအနှံ့ပေါ်ထွက်

ထို့ကြောင့်လည်း ပြည်နယ်၊တိုင်း အားလုံးသည် တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပြီး နိုင်ငံတော် တစ်ရပ်လုံး၏ စီးပွားရေးအခြေအနေသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာလျက်ရှိကြောင်း၊ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းမှုအခြေခံများရရှိပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးသည်လည်း ပိုမိုအားကောင်းခိုင်မာလာနေပြီဖြစ်ကြောင်း၊ ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းမှုခိုင်မြဲလာသည်နှင့်အမျှ လက်နက်စွဲကိုင်ထားသည့် တိုင်းရင်းသားအဖွဲ့အစည်းအချို့သည်လည်း ယခုအခါငြိမ်းချမ်းရေးနှင့်လက်နက်ကို အပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေးကို စိုက်ထူနေကြပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့၌ ပေါ်ထွက်လာနေပြီ ဖြစ်ကြောင်း။

အောင်မြင်စွာရပ်တည်

နိုင်ငံတကာမျက်နှာစာ၌လည်း နိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးခင်မင်စွာ လက်တွဲပြီး ငြိမ်းချမ်းရေး၊လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်တက်ကြွကြွလှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် အာဆီယံအသင်းနှင့် ဘင်းမ်စတက်အဖွဲ့တို့၌ အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးဝါဒကို စွဲကိုင်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်း၌ မှန်မှန်ကန်ကန် တည်တည်ကြည်ကြည် လှုပ်ရှားဆောင်ရွက်သည့်အတွက် နိုင်ငံတော်ကို အထီးကျန်နိုင်ငံဖြစ်အောင်၊ နိုင်ငံတကာမျက်နှာစာ၌ ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ကြံဖန်တီးမှုများ၊ ဖိအားပေးမှုများရှိနေသော်လည်း နိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် တင့်တောင့်တင့်တယ် ဂုဏ်သိက္ခာရှိရှိ အောင်မြင်စွာရပ်တည်နေထိုင်လျက်ရှိကြောင်း။

ဤကဲ့သို့ ပြည်တွင်းပြည်ပအောင်မြင်နေမှုများရရှိနေသည့်အပေါ် မလိုလား မရှုဆိတ်နိုင်သည့် ပြည်ပြေးသစ္စာဖောက်များသည် ပြည်ပတစ်နေရာ၌ အခြေပြုပြီး ရှမ်းပြည်နယ်ယာယီအစိုးရအဖွဲ့ပုံစံမျိုးဖွဲ့စည်းကာ ရှမ်းပြည်နယ်ကိုလွတ်လပ်သည့် နိုင်ငံအဖြစ် တည်ထောင်သည်ဆိုပြီး လုပ်ဇာတ်ခင်းသွားသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ရည်ရွယ်ချက်ကိုကြည့်မည်ဆိုလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ဥပဒေဘောင်ထဲရောက်နေသည့် တိုင်းရင်းသားငြိမ်းချမ်းရေး

အဖျက်အန္တရာယ်ဖယ်ရှား

မည်သို့သောလုပ်ကြံဖန်တီးမှုများကို ကြံသည်ဖြစ်စေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရအနေဖြင့် ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲပြည်သူများနှင့်အတူလက်တွဲပြီး အဖျက်အန္တရာယ်များကို တွန်းလှန်ဖယ်ရှားသွားမှာဖြစ်ကြောင်း။

ယနေ့အထိ ရရှိထားသည့် အောင်မြင်မှုများသည် အခြေခံအားဖြင့် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်အင်အားသုံးရပ်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်အဖြစ် ခိုင်ခိုင်မာမာ ညီညီညွတ်ညွတ်လက်ခံပြီး ဦးတည်ချက်ရှိရှိလုပ်ငန်းများကို ဦးထမ်းပဲ့ထမ်း ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ပင်ဖြစ်ကြောင်း၊ နောင်တွင်လည်း ကျန်ရှိနေသေးသည့်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ဤကဲ့သို့တိုင်းပြည်၌ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းတည်ငြိမ်မှုစသည့် နိုင်ငံရေးအခြေခံကောင်းများ၊ စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေကောင်းများ၊ လူမှုရေးနှင့်လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများ ပြည့်စုံလုနီးပါး အောင်မြင်စွာထူထောင်လာနိုင်သည်နှင့်အမျှ အနာဂတ် နိုင်ငံတော်သစ်အတွက် မလွှဲမသွေလိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာရေးကိုလည်း တစ်ဖက်မှ အလေးပေးအကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း။

လက်တွေ့ကျကျဖော်ဆောင်

နိုင်ငံတော်၏နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်(၂)ရပ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့်နိုင်ငံရေးဆိုင်ရာ ရှေ့လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်သည်တိတိကျကျချမှတ်ပြီး လက်တွေ့ကျကျအကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကိုရော နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များကိုပါ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရေးသည် အဓိက အခရာဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏နိုးကြားသည့် ပူးပေါင်းမှုစွမ်းအားဖြင့်ပင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်အားလုံးကို အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း ဖျက်လိုဖျက်ဆီးလုပ်နေသည့် ပြည်ပပြဒါးခံ အဖျက်အင်အားစုများ၏ အန္တရာယ်များကိုလည်းချမှတ်ထားသည့် ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းမှာရှိကြသည့် ပြည်သူအပေါင်းက စုစည်းညီညာစွာ ဆက်လက်တိုက်ဖျက် ချေမှုန်းသွားကြရမှာဖြစ်ကြောင်း။

လမ်းကြောင်းမှန်ချီတက်

အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်၊ အဖြူနှင့်အမည်းတို့ကို ကိုယ်ပိုင်အတွေ့အကြုံ၊ ကိုယ်ပိုင်သင်ခန်းစာများအရ ကွဲပြားစွာခွဲခြားနိုင်ပြီဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူအားလုံးသည် နိုးနိုးကြားကြား တက်တက်ကြွကြွဖြင့် မိမိတို့ရှေ့ဆက်ပြီးလျှောက်လှမ်းရမည့် လမ်းကြောင်းမှန်အတိုင်း ခွဲ၊ သတ္တိ၊ သတိတို့ဖြင့် ချီတက်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်တွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်တတ်သည့် ဧရာဝတီတိုင်း၏ အစဉ်အလာကောင်းကိုထိန်းသိမ်းပြီး နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချောမောညင်သာစွာအသွင်ကူးပြောင်းပြီး မိမိတို့လူမျိုးနှင့် ဆီလျော်ကိုက်ညီသည့် ဒီမိုကရေစီလူနေမှုဘဝတစ်ခုကို ထိုက်ထိုက်တန်တန် တည်ဆောက်နိုင်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်တည်ဆောက်သွားကြပါစို့ဟုတိုက်တွန်းရင်း တည်ဆောက်ပြီးစီးသွားသည့်ခေတ်မီ သာပေါင်းပျော့ဖတ်စက်ရုံကြီးကို ကြိုဆိုဂုဏ်ပြုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် ဤစက်ရုံသည် ဝါးကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး တစ်နေ့လျှင် စက္ကူပျော့ဖတ် တန် ၂၀၀ ထုတ်လုပ်သွားမှာဖြစ်ကြောင်း။

အလားအလာကောင်း

ဧရာဝတီတိုင်းသည် ရပ်ရွာအေးချမ်းသာယာပြီး ရေခံ၊ မြေခံ အခြေခံကောင်းများရှိသည့် ဒေသဖြစ်သည့်အပြင် ယခုကဲ့သို့ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ပေးခြင်း၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေပြီဖြစ်ကြောင်း။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

ပြည်ပြေးစဝ်ခမ်ဖနဲ့ ဘိန်းဓားပြရွက်ဆစ်တို့ ပေါင်းပြီး ရှမ်းသမ္မတနိုင်ငံထူထောင်မှု လူလိမ်နဲ့လူရှုပ်၊ လူညစ်နဲ့လူဆိုးပေါင်းမိတာကလွဲပြီး နိုင်ငံနဲ့လူမျိုး ကောင်းကျိုးမပြု သိန်းနီပြည်သူလူထုကြီးက လုံးဝလက်မခံနိုင်၊ အယုံအကြည်လည်းလုံးဝမရှိ၊ ဆန့်ကျင်ရှုတ်ချ

ရန်ကုန် မေ ၁၄

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ရက် နံနက် ၇နာရီ မိနစ် ၅၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ မြို့နယ်အားကစားကွင်း၌ကျင်းပရာ သိန်းနီမြို့နယ် နမ့်ဆပ်လပ်ကျေးရွာမှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းမြအုံက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အောက်ပါအတိုင်း ထောက်ခံတင်ပြသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးရှင့်-

ကျွန်မကတော့ သိန်းနီမြို့နယ် နမ့်ဆပ်လပ်ကျေးရွာမှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းမြအုံဖြစ်ပါတယ်။ အဆိုရှင် ဦးကန်န တင်သွင်းသွားတဲ့ "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါ စော်ဘွားအနွယ်ဟောင်းတစ်စုဟာ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးဝေစည်လာတဲ့ ပြည်ထောင်စုကြီးကိုဖြိုခွဲဖို့ ရှမ်းသမ္မတနိုင်ငံထူထောင်တယ်လို့ တစ်ဖက်သတ်ကြေညာတာဟာ ယုတ်မာကောက်ကျစ်မှုသက်သက်သာ ဖြစ်တယ်လို့ ကျွန်မတို့ ပြည်သူတွေက သုံးသပ်ကြပါတယ်။

ဒီကိစ္စမှာ SSAဘိန်းဓားပြရွက်ဆစ်က စဝ်ခမ်ဖတို့လို လေထဲမှ ပြည်ပြေးအစိုးရအဖွဲ့ရဲ့ အကြမ်းဖက်ခေါင်းဆောင်ဖြစ်နေတယ်လို့ သိရပါတယ်။ ရွက်ဆစ်ဟာ (MTA)မော်ထိုင်း မူးယစ်ဂိုဏ်းဝင်တစ်ယောက်ပါ။ ၁၉၉၆ခုနှစ်က လက်နက်ချဖို့စီစဉ်ပြီးမှ နယ်စပ်ကိုဖြတ်ကျော် ထွက်ပြေးသွားပြီး မူးယစ်ရာဇာ ဘိန်းမှောင်ခိုလုပ်ရင်း ဓားပြတိုက်၊ လူသစ်အဓမ္မစု၊ ဆက်ကြေးတောင်း၊ လူသတ်၊ ဗုံးခွဲတဲ့လုပ်ရပ်တွေကို ၁၉၉၆ခုနှစ်ကတည်းက လုပ်လာခဲ့သူဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ် အကြိမ်လေးဆယ်လောက်ကိုလုပ်ခဲ့တဲ့ လက်မရွံ့သမားလဲဖြစ်ပါတယ်။ ပြည်သူ ၂၂၀သေဆုံးပြီး ၁၅၀ ဒဏ်ရာရအောင် လက်သံပြောင်ခဲ့တဲ့ ဓားပြတစ်ယောက်ပါ။ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ ၃ရက်နေ့က မိုင်းရှူးရတနာမြေမှာ ရွက်ဆစ်အုပ်စုက ဖောက်ခွဲခဲ့တဲ့အတွက် မီးလောင်မြိုက်ပြီး အလုပ်သမား ၁၂၀ကျော်သေဆုံးခဲ့ရပါတယ်။ လူ၅၀ကျော် ဒဏ်ရာရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၅၀၀ကျော်အထိ ရှိခဲ့ပါတယ်။

၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁၈ ရက် ညကလဲ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မီးသွေးကုန်းရွာကိုဝင်ပြီး ပစ်ခတ်၊ မီးရှို့လို့ ကလေးလူကြီး ၁၃ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရခဲ့ပါတယ်။ နောက်သုံးရက်အကြာ ဇန်နဝါရီ ၂၁ရက်မှာ အရပ်သား၂၁ယောက်ကို ရက်ရက်စက်စက် ပစ်သတ်ခဲ့ပါတယ်။

သိန်းနီမြို့နယ် နမ့်ဆပ်လပ်ကျေးရွာမှ ရှမ်းတိုင်းရင်းသူဒေါ်နန်းမြအုံက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်း ရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့် ကျင် ရှုတ် ချကြောင်း"အဆိုကို ဖြည့်စွက်ထောက်ခံစဉ်။(သတင်းစဉ်)

၁၉၉၈ ခုနှစ် မေလ ၂၁ရက်နေ့ညနေက မန္တလေး မြို့မရုပ်ရှင်ရုံမှာ ဗုံးထောင်လူသတ်ခဲ့တာလဲ ရွက်ဆစ်တို့အဖွဲ့ရဲ့ လက်ချက်ပါပဲ။

သဘာပတိကြီးရှင့်-

ပြည်ထောင်စုကို ဖြိုခွဲမယ့်အကြံနဲ့ ပြည်ပြေးစဝ်ခမ်ဖတို့ အဖျက်အုပ်စုက ရှမ်းပြည်နယ် ခွဲထွက်ရေးလှုပ်ရှားလာတဲ့အပြင် ရွက်ဆစ်လို ဘိန်းဓားပြသောင်းကျန်းသူရဲ့ SSA အုပ်စုနဲ့ပါပေါင်းပြီး ပြည်ပြေးရှမ်းသမ္မတနိုင်ငံ ထူထောင်မယ်ဆိုတာဟာ လူလိမ်နဲ့လူရှုပ်၊ လူညစ်နဲ့လူဆိုး ပေါင်းမိတာကလွဲလို့ နိုင်ငံနဲ့လူမျိုးအတွက် ဘာတစ်ခုမျှ ကောင်းကျိုးမပြုတာ သေချာနေပါတယ်။

ကျွန်မတို့ ပြည်သူလူထုကြီးက အဲဒီအုပ်စုကို လုံးဝလက်မခံနိုင်ပါဘူး။ အယုံအကြည်လဲ လုံးဝမရှိပါဘူး။

ဒါကြောင့်မို့ အဆိုရှင် ဦးကန်နတင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို အားပါးတရ ထောက်ခံလိုက်ရပါတယ် ရှင့်။ ။

ပြည်ပြေးစဝ်ခမ်ဖနဲ့အပေါင်းပါ စော်ဘွားအနွယ်ဟောင်းတစ်စုဟာ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးဝေစည်လာတဲ့ ပြည်ထောင်စုကြီးကိုဖြိုခွဲဖို့ ရှမ်းသမ္မတနိုင်ငံ ထူထောင်တယ်လို့တစ်ဖက်သတ် ကြေညာတာဟာ ယုတ်မာကောက်ကျစ်မှုသက်သက်သာဖြစ်။

● *ကျောဖုံးမှ*

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ လူထုအစည်းအဝေးကြီးသို့ တစ်ခဲနက် တက်ရောက်လာသော သိန်းနီမြို့နယ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ကျွန်တော်ကတော့ သိန်းနီမြို့နယ် ကွန်ကောက်ကျေးရွာမှ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှတပ်မဟာမှူး ရှမ်းတိုင်းရင်းသား ဦးကန်နဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ လူထုအစည်းအဝေးကြီးမှာ "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

သဘာပတိကြီး မိန့်ကြားသွားတဲ့အတိုင်း သိန်းနီမြို့နယ်ဟာ လှပ၊ ချက်ချာအရေးပါတဲ့ ပြည်ထောင်စုကြီးရဲ့အစိတ်အပိုင်း နယ်မြေဒေသ တစ်ခုဖြစ်ပါတယ်။ ခုလို ပြည်ထောင်စုကြီးရဲ့ အစိတ်အပိုင်းလို့ ပြောလိုက်ရတာကိုက စိတ်ထဲမှာ အားရှိသွားပါတယ်။ ပြည်ထောင်စုကြီးထဲမှာ အခြားသွေးချင်းသားချင်းတို့နဲ့အတူ တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ နေပျော်လှပါတကားလို့ဆိုတဲ့ အသိက ကြက်သီးတဖြန်းဖြန်းထလောက်တဲ့ ခံစားမှုရသတစ်ခုဖြစ်ပါတယ်။

သိန်းနီမြို့နယ်လိုပဲ အခြားအခြားသော မြို့နယ်အားလုံး၊ ပြည်နယ်၊ တိုင်းဒေသအားလုံးဟာ တစ်သွေးတည်း တစ်သားတည်း၊ တစုတစည်းတည်းရာသက်ပန် အတူတကွနေချင်ကြတာဟာ ပြည်ထောင်စုသားအားလုံးရဲ့ ရင်တွင်းမှ ထာဝရဆန္ဒများပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ယခင်ကရှိခဲ့ဖူးတဲ့ အခြေခံဥပဒေတွေထဲမှာရော ကျင်းပဆဲ အမျိုးသားညီလာခံကြီးမှာ ချမှတ်ထားပြီးဖြစ်တဲ့ နိုင်ငံတော်အခြေခံမူကြီး ၁၀၄ ချက်နဲ့ နိုင်ငံတော်တည်ဆောက်ဖွဲ့စည်းမှုအခန်းတို့မှာပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ မည်သည့်အစိတ်အပိုင်းမှ ခွဲထွက်ခွင့်မရှိစေရလို့ ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒါဟာ ပြည်ထောင်စုသားအားလုံးရဲ့ သဘာဝအမိမြေရင်ခွင်က မိသားစုဆန္ဒပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ကျွန်တော်တို့ဒေသအပါအဝင် ရှမ်းပြည်နယ်မှလူထုကြီးဟာ ပဒေသရာဇ်စော်ဘွားတွေရဲ့ ခေတ်အဆက်ဆက် ဖိနှိပ်တာခံခဲ့ရပါတယ်။ လောင်းကစားခွန်အပါအဝင် မတော်မတရားအခွန်တွေကို သောင်းကျန်းသူတွေ ဆက်ကြေးကောက်သလို အကောက်ခံခဲ့ရပါတယ်။ ပြည်သူတွေအတွက် ဆည်ငယ်ငယ်တစ်ခု၊ ကျောင်းငယ်ငယ် တစ်ဆောင်၊ ဆေးခန်းသေးသေး တစ်ခန်းဆောက်မပေးခဲ့တဲ့ စော်ဘွားတွေဟာ တိုင်းရင်းသားတွေဆီမှ ကောက်ခံရသမျှ အခွန်အတုပ်တွေနဲ့ ရွှေဘုံပေါ်မှာ ဇိမ်ကျကျ ခံစားသွားခဲ့ကြပါတယ်။

အခုလဲ အဲဒီစော်ဘွားအနွယ် ပြည်ပြေးစဝ်ခမ်ဖနဲ့လူတစ်စုဟာ ပြည်ထောင်စု ပြိုကွဲရာ ပြိုကွဲကြောင်း ရည်ရွယ်ပြီး ရှမ်းသမ္မတနိုင်ငံ ထူထောင်တယ်လို့ ကြေညာလာပါတယ်။ ဒါဟာ ပြည်ထောင်စုထဲကနေပြီး ရှမ်းပြည်နယ်ကို နယ်ချဲ့သမားတွေ အလိုကျ ခွဲထုတ်လိုတဲ့လုပ်ရပ်ဆိုးပဲ ဖြစ်ပါတယ်။

စဝ်ခမ်ဖတို့ သိထားစေချင်တာကတော့ ရှမ်းပြည်နယ်ကို ပြည်ထောင်စုထဲမှ ခွဲထွက်မယ်ဆိုတဲ့ သူတို့ရဲ့ ကြေညာချက်ဟာ တကယ်တော့ ဆပ်ပြာပူဖောင်းတစ်ခုပါပဲ။ စဝ်ခမ်ဖတို့သိထားသင့်တဲ့ အချက်တစ်ချက်ကတော့ သူတို့လုပ်ရပ်ကို ရှမ်းပြည်နယ်မှ တိုင်းရင်းသားပြည်သူ တစ်ယောက်တလေကမျှ မထောက်ခံဘူးဆိုတာပါပဲ ခင်ဗျား။

ရှမ်းဘာသာနဲ့ လက်ရေးအတုတွေရေးပြီး ဧပြီလ ၂၃ရက်နေ့က စဝ်ခမ်ဖတို့ ထုတ်ပြန်လိုက်တဲ့ အင်တာနက်သတင်းတစ်ပုဒ်မှာ ရှမ်းပြည်ထောင်စုနှင့် ရှမ်းလွတ်လပ်ရေး ကြေညာခြင်းကို သိန်းနီပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံအားပေးပါသည်လို့ မုသာဝါဒရာနှုန်းပြည့်နဲ့ ဖော်ပြထားပါတယ်။ ဒါဟာ မလိမ့်တပတ်လုပ်ရပ်နဲ့ ကျွန်တော်တို့ သိန်းနီမြို့နယ်မှ ရိုးသားတဲ့ တိုင်းရင်းသားပြည်သူတွေကို ခုတုံးလုပ်သွားတာပါပဲ။ ဒါကြောင့်လဲ သိန်းနီမြို့နယ် ပြည်သူတစ်ရပ်လုံးက ဒီကနေ့ လူထုအစည်းအဝေးကြီးမှာ မိမိတို့ရဲ့ ဆန္ဒသဘောထားအမှန်ကို တုံ့ပြန်တင်ပြကြတာပဲ ဖြစ်ပါတယ်။

ပြည်ပြေးများကတော့ ပြည်ပမှာလက်ဖြန့်ခံတောင်းရမ်းစားသောက်လို့ ရရုံ၊ ဟိုလိမ်ဒီလိမ်နဲ့ လက်ရေးလိမ်၊ နာမည်လိမ်၊ လူလိမ်၊ အကြောင်းအရာလိမ်၊ ဒေသလိမ် လိမ်ပြီးရင်း လိမ်ရင်းပါပဲ။

စလေဆရာကြီး ဦးပုညရဲ့ "ကောက်အလိမ်ပွေမှုနှင့် ၊ ဆွေခင်ပုအမူ၊ ကြိုးခတ်လို့ ကြိမ်ကူသည်၊ လိမ်တော်မူမဆုံး၊ ငါးမြွေတွန့်လိမ် မမီတယ်၊ မြစ်နဒီဦးခိုက်လို့ရှုံး၊ ခင်လေးတို့လိမ်ပုံမှာ၊ ကြခတ်ရုံတစ်နှုန်း၊ ရွှေပန်းထိမ်ဉာဏ်ချိန်သုံးပါတဲ့၊ နော်ဇာကုံးမမီ၊ ပဲလင်းမြွေ စင်တော်ကူး၊ ကြင်ဖော်ဦးသုံးရွေ့ဝသီ၊ ဆံကုပ်တဲ့ ဖဇော်ဂျီရယ်၊ မုတ်ဆိတ်နီလိမ်ရှုပ်က၊ နောက်ဆုတ်လို့ ဦးတော်တင်၊ ဝေးကရှောင်ချင်၊ စာပေါင်းသိုက် ကရွတ်ခင်ငယ်၊ သပွတ်စင်ခေါ်လောက်တဲ့လေး"ဆိုတဲ့ အလိမ်အရှုပ်တေးထပ်ဟာ ပြည်ပြေးစဝ်ခမ်ဖတို့ လူသိုက်အတွက် ကြိုရေးသွားသလိုဖြစ်နေကြောင်းပါ ခင်ဗျား။

သဘာပတိကြီးခင်ဗျား-

သိန်းနီမြို့နယ်ဟာ မျက်မှောက်ခေတ်မှာ ငြိမ်းချမ်းနေပါတယ်။ ဖွံ့ဖြိုးနေပါတယ်။ ဒါဟာ ပြည်ထောင်စုကြီးအတွင်း တစုတပေါင်းတည်းနေထိုင်ပြီး ကြိုးစားအားထုတ်ကြလို့ ဖြစ်ပါတယ်။ ဒီအနေအထားကောင်းကို လုံးဝအတိမ်းအစောင်းမခံနိုင်ကြတဲ့ သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများကိုယ်စား **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို အလေးအနက် တင်သွင်းလိုက်ရပါတယ် ခင်ဗျား။ ။

မြန်မာနိုင်ငံမှာ ယခင်က ရှိခဲ့ဖူးတဲ့ အခြေခံဥပဒေတွေထဲမှာရော ကျင်းပဆဲ အမျိုးသားညီလာခံကြီးမှာ ချမှတ်ထားပြီးဖြစ်တဲ့ နိုင်ငံတော်အခြေခံမူကြီး ၁၀၄ ချက်နဲ့ နိုင်ငံတော် တည်ဆောက်ဖွဲ့စည်းမှုအခန်းတို့မှာပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ မည်သည့်အစိတ်အပိုင်းမှ ခွဲထွက်ခွင့်မရှိစေရလို့ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒါဟာပြည်ထောင်စုသားအားလုံးရဲ့ သဘာဝအမိမြေရင်ခွင်က မိသားစုဆန္ဒပဲ ဖြစ်ပါတယ်။

ရဟန်းရှင်လူပြည်သူတွေရဲ့ အသက်ကို ဖက်ရွက်လိုသဘောထား၊ ပြည်သူသွေးနဲ့ ခြေဆေးပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ပြည်နယ်ခွဲထွက်ရေးဟစ်ကြွေးနေကြတဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ပြည်သူအားလုံးက စက်ဆုပ်ရွံမုန်းအော့နှလုံးနာ စဝ်ခမ်ဖနဲ့ အပေါင်းပါတို့ကို တိုင်းရင်းသားပြည်သူအားလုံးက လုံးဝလက်မခံနိုင်

ရန်ကုန် မေ ၁၄

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ရက် နံနက် ၇နာရီ မိနစ် ၅၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ မြို့နယ်အားကစားကွင်း၌ကျင်းပရာ သိန်းနီမြို့ ရပ်ကွက်(၃)မှ ကချင်တိုင်းရင်းသူ ဒေါ်တီဆိုင်းခေါန်က "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အောက်ပါအတိုင်း ဖြည့်စွက်ထောက်ခံသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးရှင့်–

ကျွန်မကတော့ သိန်းနီမြို့ ရပ်ကွက်(၃)မှ ကချင်တိုင်းရင်းသူ ဒေါ်တီဆိုင်းခေါန် ဖြစ်ပါတယ်။ အဆိုရှင်ဦးကန်နတင်သွင်းသွားတဲ့ "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို ဖြည့်စွက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

အဆိုကိုတင်သွင်းရာ၊ ထောက်ခံရာမှာ အမျိုးသားသစ္စာဖောက် နယ်ချဲ့ဒူးထောက် ပုဆိန်ရိုး ပြည်ပြေးသောင်းကျန်းသူများရဲ့ တိုင်းဆူပြည်ဖျက်လုပ်ရပ်၊ ပြည်ထောင်စုဖြိုခွဲဖို့ အကောက်ကြံတဲ့လုပ်ရပ်၊ လူသတ်မီးရှို့ အကြမ်းဖက်လုပ်ရပ်များအကြောင်း တင်ပြသွားခဲ့တာကို အားလုံးကြားသိလိုက်ရပြီး ဖြစ်ပါတယ်။

တကယ်တော့ ပြည်ပြေး ရှမ်းစော်ဘွားအနွယ်တွေရဲ့ သစ္စာဖောက်မှုတွေ၊ KNU၊ ရွက်ဆစ်ဦးစီးတဲ့ SSA, KNPP နဲ့ ပြည်ပြေးစိန်ဝင်းဦးစီးတဲ့ NCGUBစတဲ့ အကြမ်းဖက်သမား၊ နယ်ချဲ့ကြေးစား၊ လူဆိုးဓားပြတွေရဲ့ ယုတ်မာမှုတွေကို အခုလိုလူထုအစည်းအဝေးမှာ တစ်ထိုင်တည်း ပြည့်စုံအောင် တင်ပြဖို့ မလွယ်လှပါဘူး။ အဲဒီအဖျက်သမားတစ်သိုက်ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို သတင်းစာတွေမှာ၊ သတင်းဆောင်းပါးတွေမှာ၊ စာအုပ်စာတမ်းမှတ်တမ်းတွေမှာ ဖော်ပြထားတာတွေဟာ ဖတ်လို့တောင် မကုန်နိုင်ပါဘူး။

ပြီးခဲ့တဲ့ ဧပြီလ ၂၁ရက်နေ့က ထားဝယ်–ရေးလမ်းပေါ်မှာ ပညာရေး လေ့လာဖို့ခရီးထွက်လာတဲ့ ထားဝယ်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနဲ့ ခရီးသွားပြည်သူတွေကို KNU အကြမ်းဖက်အဖျက်သမား အဖွဲ့က ဓားပြတိုက် လုယက်ပြီး ပစ်ခတ်သတ်ဖြတ်ခဲ့တာတွေ၊ မန္တလေး

သိန်းနီမြို့ ရပ်ကွက် (၃) မှ ကချင်တိုင်းရင်းသူ ဒေါ်တီဆိုင်းခေါန်က"ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာ ခြင်းအား သိန်းနီ မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝ လက်မခံ၊ ဆန့်ကျင် ရှုတ်ချကြောင်း"အဆိုကို ဖြည့်စွက်ထောက်ခံစဉ်။(သတင်းစဉ်)

ဈေးချိုမှာ သောင်းကျန်းသူအကြမ်းဖက်အဖွဲ့ တစ်ဖွဲ့က ချိန်ကိုက်မိုင်းထောင်ပြီး ဗုံးခွဲသတ်ဖြတ်လို့ အပြစ်မဲ့ပြည်သူတွေ သေဆုံးဒဏ်ရာရရှိခဲ့တာ၊ KNPP အဖွဲ့က လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်သို့ သွယ်တန်းထားတဲ့ မဟာဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းထောင်ဖောက်ခွဲခဲ့တာနဲ့ NCGUBအဖွဲ့က ဗုံးခွဲမိုင်းထောင်ပြီး အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်နေတာတွေဟာ မကြာခင်က ပူပူနွေးနွေးလုပ်ရပ်ဆိုးတွေ ဖြစ်တာကြောင့် ကျွန်မတို့ ပြည်သူတွေ ပူဆွေးသောကရောက်ခဲ့ကြရပါတယ်။

သဘာပတိကြီးရှင့်–

ရန်ကုန် ကမ္ဘာအေးလိုဏ်ဂူအတွင်း ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်နေတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူတွေကို ဗုံးခွဲသတ်ဖြတ်ခဲ့တာလဲ သင်းတို့ပါပဲ။ ကျိုက်ထီးရိုးစေတီရင်ပြင်ပေါ်တက်ပြီး ဘုရားအလှူငွေတွေ ဖောက်ယူ၊ မီးရှို့၊ လူသတ်ခဲ့တာ၊ ဘုရားဖူးယာဉ်တွေကို ပစ်ခတ်၊ ဘုရားဖူးပြည်သူတွေကို သတ်ဖြတ်ခဲ့တာလဲ အဲဒီအကြမ်းဖက်သောင်းကျန်းသူတွေပါပဲ။

ဒါဟာ ဓမ္မန္တရာယ်လုပ်ရပ်၊ ဒေဝဒတ်လုပ်ရပ်တွေ ဖြစ်ပါတယ်။

ခုမေလ ၇ ရက်နေ့က ရန်ကုန်မြို့က ထိုင်းကုန်စည်ပြပွဲကျင်းပရာ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၊ ရှစ်မိုင် ဂျမ်းရှင်းအိတ်စင်တာနဲ့ မြေနီကုန်း ဒဂုံစင်တာတွေမှာ ဝင်ထွက်သွားလာ ဈေးဝယ်နေကြတဲ့ အပြစ်မဲ့ရဟန်းရှင်လူပြည်သူ ၁၁ ဦးသေဆုံးပြီး ၁၆၀ကျော် ဒဏ်ရာအနာတရဖြစ်အောင် ဗုံးခွဲလူသတ်ခဲ့တာလဲ အဲဒီသောင်းကျန်းသူ ပြည်ပြေးနယ်ချဲ့လက်ပါးစေ အကြမ်းဖက်အဖျက်သမားတွေပါပဲ။

> **ကျိုက်ထီးရိုးစေတီရင်ပြင်ပေါ်တက်ပြီး ဘုရား အလှူငွေတွေ ဖောက်ယူ၊ မီးရှို့ လူသတ်ခဲ့တာ၊ ဘုရားဖူးယာဉ်တွေကို ပစ်ခတ်၊ ဘုရားဖူးပြည်သူတွေကို သတ်ဖြတ်ခဲ့တာလဲ အဲဒီအကြမ်းဖက်သောင်းကျန်းသူ တွေပါပဲ။ ဒါဟာ ဓမ္မန္တရာယ်လုပ်ရပ်၊ ဒေဝဒတ်လုပ်ရပ်တွေ ဖြစ်ပါတယ်။**

အဲဒါတွေဟာ ကိုယ့်မိဘပြည်သူကို ကိုယ်တိုင်ပြန်သတ်တဲ့ ခေတ်သစ်အဇာတသတ် လုပ်ရပ်ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးက အဲဒီအဖျက်လုပ်ရပ်တွေကို လုံးဝခွင့်မလွှတ်နိုင်ကြပါဘူး။ ရဟန်းရှင်လူပြည်သူတွေရဲ့ အသက်ကို ဖက်ရွက်လိုသဘောထားပြီး၊ ရဟန်းရှင်လူပြည်သူတွေရဲ့ သွေးနဲ့ခြေဆေးပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ပြည်နယ်ခွဲထွက်ရေး ဟစ်ကြွေးနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူ KNU၊ ရွက်ဆစ်ဦးစီးတဲ့ SSA, KNPP၊ ပြည်ပြေးစိန်ဝင်းဦးစီးတဲ့ NCGUBနဲ့ နောက်ဆုံးပေါ် အဖျက်သမားပြည်ပြေးစဝ်ခမ်ဖနဲ့အပေါင်းပါတစ်စုရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ပြည်သူအားလုံးက စက်ဆုပ်ရွံမုန်း အော့နှလုံးနာလျက်ရှိနေကြပါပြီ။

ဒါ့ကြောင့် အဆိုရှင် ဦးကန်န တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို လုံးဝဥဿုံ ပြတ်ပြတ်သားသားထောက်ခံလိုက်ရပါတယ်ရှင့်။ ။

❒ ကျောဖုံးမှ

တိုင်းရင်းသား ပြည်သူလူထုကြီးတစ်ရပ်လုံး ငြိမ်းချမ်းသာယာပါစေ၊ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

သိန်းနီမြို့နယ်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ စီးပွားရေးအရ အချက်အချာကျတဲ့ဒေသ ဖြစ်ပါတယ်။ လားရှိုးမြို့နဲ့ ကွတ်ခိုင်၊ မူဆယ်တို့အကြား၊ လားရှိုးနဲ့ ကွမ်းလုံ၊ 'ဝ'ဒေသ၊ ကိုးကန့်ဒေသတို့အကြား လမ်းဆုံလမ်းခွ အချက်အချာကျတဲ့ ကူးသန်းသွားလာရေးမြို့ ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း ဒီဒေသဟာ တစ်ချိန်က အမည်းရောင်နယ်မြေဆိုပြီး သောင်းကျန်းမှုအန္တရာယ် ထူပြောလှတဲ့ဒေသအဖြစ် လူသိများခဲ့ပါတယ်။ ပဒေသရာဇ်စော်ဘွားများရဲ့ဖိနှိပ်မှု၊ ကိုယ်ကျိုးရှာသွေးစုပ်မှု၊ ဗြိတိသျှနယ်ချဲ့သမားများရဲ့ဖိနှိပ်အုပ်ချုပ် သွေးစုပ်ခံရမှုတွေအပြင် လက်နက်ကိုင် သောင်းကျန်းမှုအန္တရာယ် အသွယ်သွယ်ကြောင့် ဟိုနားမသွားရဲ၊ ဒီနားမလာဝံ့ ဖြစ်ခဲ့ရတဲ့ ဒေသဖြစ်ပါတယ်။

အခုတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။ နယ်မြေလုံခြုံလာပါပြီ၊ အေးချမ်းသာယာလာပါပြီ၊ ကျွန်တော်တို့ဒေသဟာ ငြိမ်းချမ်းရေးနယ်မြေ ဖြစ်လာပါပြီ။ ငြိမ်းချမ်းလာတာနဲ့အညီ ဖွံ့ဖြိုးတိုးတက်မှုဝေစည်ပြီး ရောင်းပန်း ဝယ်ပန်း ပွင့်လန်းလျက် ရှိနေပါတယ်။

သိန်းနီဒေသမှာရှိတဲ့ သဘာဝပတ်ဝန်းကျင် အလှအပတွေ၊ ရေပူစမ်းနဲ့ ပွင့်လန်းသင်းထုံတဲ့ ပန်းမျိုးစုံအလှတွေဟာ ကမ္ဘာလှည့်ခရီးသွားများနဲ့ ပြည်တွင်းခရီးသွားများကို ဆွဲဆောင်လျက်ရှိပါတယ်။ ငြိမ်းချမ်းပြီဆိုတာနဲ့ ဒေသတစ်ခုရဲ့ ဂုဏ်ကျက်သရေဟာ ပွင့်လန်းတင့်ဆန်းလာတော့တာပါပဲ။

အခုလို ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေဆာစည်ကားလာတဲ့ သိန်းနီမြို့နယ်မှ မြို့နယ်သူမြို့နယ်သား တိုင်းရင်းသားပြည်သူများဟာ အခုတော့ ရာဟုငပုပ်ဖမ်းရာကလွတ်လာတဲ့ လမင်းစန္ဒာလို ထိန်ထိန်သာသာ၊ အေးအေးမြမြ ခံစားပီတိဖြစ်နေကြပါတယ်။ လွတ်လပ်ရေးတည်းဟူသော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေတဲ့ အကျိုးကျေးဇူး၊ တိုင်းရင်းသားဆွေမျိုးရင်းချာ အားလုံး စည်းလုံးညီညွတ်စွာ ချစ်ကြည်ယှဉ်တွဲ နေထိုင်နိုင်တဲ့ အကျိုးတရား၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲခြင်းရလဒ်ရဲ့ ကောင်းကျိုးချမ်းသာကို ပြည့်ပြည့်ဝဝ ခံစားနေကြရပြီ ဖြစ်ပါတယ်။ ဒါကြောင့်လဲ သိန်းနီဒေသခံ ပြည်သူလူထုအနေနဲ့ ပြည်ထောင်စုကြီးကို ပိုးလိုမွေးမြူ ရွှေလိုဥပြီး တယုတယ တမြတ်တနိုး ကာကွယ်စောင့်ရှောက်နေကြတာပဲ ဖြစ်ပါတယ်။

ဒီလိုအခြေအနေကောင်းမှာ ပြည်ပြေးစဝ်ခမ်ဖတို့အုပ်စုက တိုင်းဆူပြည်ဖျက်လုပ်ရပ်နဲ့ ပြည်ထောင်စုပြိုကွဲစေမယ့်လုပ်ရပ်ဆိုးတွေ လုပ်လာပါတယ်။ ဧပြီလ ၁၇ ရက်နေ့မှာ ပြည်ပြေးစဝ်ခမ်ဖဟာ ရှမ်းပြည်နယ်ခွဲထွက်ရေး လှုပ်ရှားမှုဆိုတာကို နယ်ချဲ့သမားတွေရဲ့ အကူအညီနဲ့ စတင်ခဲ့ပါတယ်။

ဒီလုပ်ရပ်မျိုးကို ငြိမ်းချမ်းတည်ငြိမ်တိုးတက်မှုရဲ့ အရသာကို ရရှိခံစားနေကြရနေတဲ့ ကျွန်တော်တို့ဒေသခံ တိုင်းရင်းသားပြည်သူတွေက လုံးဝသည်းမခံနိုင်ကြပါဘူး။ တိုင်းပြည်နဲ့လူမျိုးရဲ့ အကျိုးစီးပွားပျက်စီးအောင် လုပ်ဆောင်လာတာဖြစ်လို့ လုံးဝလက်မခံပါဘူး။ ဒါကြောင့်မို့အခုလို သိန်းနီမြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ သဘောထားဆန္ဒအမှန်ကို တင်ပြဖို့ လူထုအစည်းအဝေးကြီး ကျင်းပရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ သိန်းနီမြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများဟာ ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုကြီးနဲ့အတူ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူလူထုကြီးရဲ့ ရွှေပြည်တော်ခရီးမှာ အနှောင့်အယှက် အဟန့်အတားပြုနေကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားမှန်သမျှကို ရှင်းလင်းဖယ်ရှားပြီး နိုင်ငံတော် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ကြိုးပမ်းသွားကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

> **တိုင်းရင်းသား ပြည်သူလူထုကြီးရဲ့ ရွှေပြည်တော် ခရီးမှာ အနှောင့်အယှက် အဟန့်အတားပြုနေကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားမှန်သမျှကို ရှင်းလင်းဖယ်ရှားပြီး နိုင်ငံတော် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ကြိုးပမ်း သွားကြပါစို့။**

ရှမ်းပြည်နယ်ဟာ ရှမ်းတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသား မျိုးနွယ်စု သုံးဆယ်ကျော် လေးဆယ်နီးပါး စုဝေးယှဉ်တွဲ နေထိုင်လျက်ရှိတဲ့ ပြည်နယ်ပါ။ ရိုးသားဖြူစင်တဲ့ ရှမ်းတိုင်းရင်းသားမျိုးနွယ်စု အားလုံးကလဲ ခွဲထွက်တဲ့ လုပ်ရပ်ကို ရာသက်ပန် လက်မခံကြပါဘူး။

မိန့်ခွန်းပြောကြား

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် သဘာပတိ ဦးစိုင်းကျော်မြင့်က အဖွင့်မိန့်ခွန်းပြောကြားစဉ်။

စင်ပြိုင်ရှမ်းပြည်အစိုးရကို ရှမ်းပြည်နယ် ၄၈ မြို့နယ်က ထောက်ခံသလိုလိုကြေညာခဲ့ ကြေညာချက်လုံးဝမမှန်ကြောင်း လဲချားနဲ့ မိုင်းနောင်လူထုကြီးက ငြင်းဆို ခွဲထွက်ရေးလုပ်ရပ်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားမှန်သမျှက လုံးဝလက်မခံ

ရန်ကုန် မေ ၁၄

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ရက် နံနက် ၇နာရီ မိနစ် ၅၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသားဦးစိုင်းခိုင်ဝင်းက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ထောက်ခံသွားသည်။

သိန်း နီ မြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသားဦးစိုင်းခိုင်ဝင်းက ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်း နီ မြို့ နယ် မှ တိုင်း ရင်း သား ပြည်သူများကလုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ် ချ ကြောင်း အဆိုကို ထပ်မံဖြည့်စွက်ထောက်ခံစဉ်။

(သတင်းစဉ်)

လေးစားအပ်ပါသောသဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းခိုင်ဝင်း ဖြစ်ပါတယ်။ အဆိုရှင် ဦးကန်န တင်သွင်းသွားတဲ့ "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းအပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို ထပ်မံဖြည့်စွက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။

ပြည်ပြေးစဝ်ခမ်ဖက သူတို့ရဲ့ မျိုးဖျက်ပြည်ဖျက် စင်ပြိုင်ရှမ်းပြည်အစိုးရဆိုတာကို ရှမ်းပြည်နယ် ၄၈မြို့နယ်က ထောက်ခံတယ်လို့ ကြေညာသွားပါတယ်။ လဲချားမြို့နယ်လူထုအစည်းအဝေးနဲ့ မိုင်းနောင်မြို့နယ် လူထုအစည်းအဝေးမှာ ဒေသခံတိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံးက စဝ်ခမ်ဖတို့ကို ဆန့်ကျင်ရှုတ်ချကြောင်း၊ မလိမ့်တပတ်၊ အခမ္မလုပ်ရပ်များနဲ့ ၎င်းတို့မြို့နယ်များက သူတို့ကို ထောက်ခံသလိုလို ကြေညာသွားတာဟာ လုံးဝမမှန်ကန်ပါဘူးလို့ လဲချားနှင့် မိုင်းနောင်ဒေသခံလူထုကြီးက ပြတ်ပြတ်သားသား ငြင်းဆိုပယ်ချခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဘယ်မြို့နယ်မှ ဘယ်သူတွေက သူတို့ကို ထောက်ခံသယောင် အတုလုပ်ထားတဲ့ အင်တာနက် သတင်းပေးပို့ချက်တွေနဲ့ လိမ်ညာကြေညာနေပြန်ပါတယ်။ ဒါကြောင့်လဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များမှ လူထုကြီးက ရှုတ်ချကန့်ကွက်တဲ့ လူထုအစည်းအဝေးတွေ ကျင်းပနေကြခြင်းပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၅၀ပြည့်လွန်နှစ်များနဲ့ ၁၉၆၀–၆၂ခုနှစ်များက ပြည်ထောင်စုကိုဖြိုခွဲဖို့ ကြိုးစားခဲ့တဲ့ စော်ဘွားပဒေသရာဇ်များရဲ့ မအောင်မြင်ခဲ့တဲ့လုပ်ရပ်ကို အခု စဝ်ခမ်ဖတို့က အလစ်အငိုက် ဝင်စမ်းကြည့်တာပဲဖြစ်ပါတယ်။

ဒါပေမယ့် ရှမ်းပြည်နယ်ဟာ ရှမ်းတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားမျိုးနွယ်စု သုံးဆယ်ကျော် လေးဆယ်နီးပါး စုဝေးယှဉ်တွဲနေထိုင်လျက်ရှိတဲ့ ပြည်နယ်ပါ။ ရိုးသားဖြူစင်တဲ့ ရှမ်းတိုင်းရင်းသားမျိုးနွယ်စုအားလုံးကလဲ ခွဲထွက်တဲ့လုပ်ရပ်ကို ရာသက်ပန် လက်မခံကြပါဘူး။

တချို့တိုင်းရင်းသားတွေကဆိုရင် ပြည်ထောင်စုက ခွဲထွက်ဖို့ လှုပ်ရှားနေတဲ့ နိုင်ငံရေးသမားတစ်စုကို "ခင်ဗျားတို့ ပြည်ထောင်စုက ခွဲထွက်တဲ့နေ့မှာ ကျုပ်တို့ တခြားတိုင်းရင်းသားတွေက ခင်ဗျားတို့နဲ့ လမ်းခွဲပြီး ပြည်ထောင်စုထဲမှာ နေခဲ့မှာပဲလို့" သမိုင်းတွင်မယ့်စကားကို ပြောကြားခဲ့ကြောင်း မှတ်သားခဲ့ဖူးပါတယ်။

ဒါဟာ အမိပြည်ထောင်စုကြီးမှ ခွဲထွက်ရေးလုပ်ရပ်ကို တိုင်းရင်းသားပြည်သူမှန်သမျှ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားမှန်သမျှက လုံးဝလက်မခံကြောင်း ပြသလိုက်တာပါပဲ။

ဒါကြောင့် အဆိုရှင် ဦးကန်န တင်သွင်းသွားတဲ့ **"ပြည်ပြေး စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"**အဆိုကို လေးနက်ပြတ်သားစွာ ဖြည့်စွက်ထောက်ခံလိုက်ပါတယ် ခင်ဗျား။ ။

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ်၌ လူထုအစည်းအဝေးကြီးကျင်းပပြီး ဆန့်ကျင်ရှုတ်ချ သိန်းနီမြို့နယ် ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၂၈ အုပ်စုတို့မှ တိုင်းရင်းသားပြည်သူများ တက်ရောက်

ရန်ကုန် မေ ၁၄

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးကို မေ ၁၂ရက် နံနက် ၇နာရီ မိနစ် ၅၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါလူထုအစည်းအဝေးကြီးသို့ သိန်းနီမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် အခမ်းအနားမှူးအဖြစ် သိန်းနီမြို့ ရပ်ကွက်(၃)မှ ရှမ်းတိုင်းရင်းသူဒေါ်နန်းမြတ်ယုသောင်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းရွှေစင်အေးတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

များ၊ သိန်းနီမြို့ပေါ်ရှိ ရပ်ကွက်(၁)၊ ရပ်ကွက်(၂)၊ ရပ်ကွက်(၃)နှင့် ရပ်ကွက်(၄)တို့မှ ရပ်မိရပ်ဖများ၊ သိန်းနီမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၈ အုပ်စုတို့မှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ရှမ်း၊ ကချင်နှင့် လားဟူ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များအပါအဝင် စုစုပေါင်းအင်အား ၅၈၀၀ကျော်တို့တက်ရောက်ကြသည်။

လူထုအစည်းအဝေးကြီးတွင် သဘာပတိအဖြစ် သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းကျော်မြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် သိန်းနီမြို့ ရပ်ကွက်(၃)မှ ကချင်တိုင်းရင်းသား ဦးဇော်ဒါထွန်းနှင့် သိန်းနီမြို့ မိုင်းလီရွာသစ်မှ လားဟူတိုင်းရင်းသား ဦးဂျာဘူရှီးတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူး

အခမ်းအနားမှူးအဖြစ် သိန်းနီမြို့ ရပ်ကွက်(၃)မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းမြတ်ယုသောင်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းရွှေစင်အေးက ဆောင်ရွက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီးနောက် လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားမှူးနှင့် တွဲဖက်အခမ်းအနားမှူးတို့က အခမ်းအနား အစီအစဉ်များနှင့် အခမ်းအနားစတင်ကျင်းပကြောင်းကို မြန်မာနှင့် ရှမ်းနှစ်ဘာသာဖြင့် ကြေညာသည်။

အဖွင့်မိန့်ခွန်းပြောကြား

ယင်းနောက် သဘာပတိ သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းကျော်မြင့်က မြန်မာနှင့် ရှမ်းနှစ်ဘာသာဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

(သဘာပတိ ဦးစိုင်းကျော်မြင့်၏ အဖွင့်မိန့်ခွန်းကို သီးခြား ဖော်ပြထားပါသည်။)

အဆိုတင်သွင်း

ဆက်လက်၍ သိန်းနီမြို့နယ် ကွန်ကောက်ကျေးရွာမှ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှ တပ်မဟာမှူး ရှမ်းတိုင်းရင်းသား ဦးကန်နက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို မြန်မာနှင့် ရှမ်းနှစ်ဘာသာဖြင့် တင်သွင်းသည်။

(ဦးကန်နရဲ့ အဆိုတင်သွင်းချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာမှရှမ်းတိုင်းရင်းသူဒေါ်နန်းမြအုံက အဆိုရှင် ဦးကန်န တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ထောက်ခံတင်ပြသည်။

(ဒေါ်နန်းမြအုံ၏ ထောက်ခံတင်ပြချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ဖြည့်စွက်ထောက်ခံ

ဆက်လက်၍ သိန်းနီမြို့ ရပ်ကွက်(၃)မှ ကချင်တိုင်းရင်းသူ ဒေါ်တီဆိုင်းခေါ်နိက အဆိုရှင် ဦးကန်န တင်သွင်းသွားသော "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ဖြည့်စွက်ထောက်ခံသည်။

(ဒေါ်တီဆိုင်းခေါ်နိ၏ ဖြည့်စွက်ထောက်ခံချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းခိုင်ဝင်းက အဆိုရှင် ဦးကန်န တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ထပ်မံဖြည့်စွက်ထောက်ခံသည်။

(ဦးစိုင်းခိုင်ဝင်း၏ ထပ်မံဖြည့်စွက်ထောက်ခံချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

အတည်ပြုကြောင်းကြေညာ

ယင်းနောက် သဘာပတိက ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် တင်သွင်းသွားသော ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ကြွေးကြော်

ယင်းနောက် လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထုက **"ပြည်ပအားကိုး ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့ ကျဆုံးပါစေ၊ ကျဆုံးပါစေ"**၊ **"ပြည်ထောင်စု မပြိုကွဲရေး" ဒို့အရေး ဒို့အရေး၊ "တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး" ဒို့အရေး ဒို့အရေး၊ "အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဒို့အရေး ဒို့အရေး၊ "အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး"အောင်ရမည်၊ အောင်ရမည်၊ အောင်ရမည်**ဟု တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၈နာရီ ၃၅မိနစ်တွင် လူထုအစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

တက်ရောက်

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

လူသတ်ဝါဒကို ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်အဖြစ် ကျင့်သုံးနေသူများအား တိုက်ဖျက်ဖယ်ရှား

ပြီးခဲ့တဲ့ဧပြီလ ၂၆ရက်နေ့ ညနေဈေးပိတ်ခါနီးမှာ မန္တလေးဈေးချိုတော်ကြီးရဲ့မြေညီထပ် စီရုံနဲ့ ဒီရုံကြားမှာဗုံးပေါက်ကွဲခဲ့လို့ အမျိုးသမီးနှစ်ယောက်ပွဲချင်းပြီး သေဆုံးခဲ့ရပြီး၊ ၁၅ယောက် ဒဏ်ရာရခဲ့ကြတယ်။ အခြားနှလုံးရောဂါရှိသူ ယောကျ်ားကြီးတစ်ယောက်ဟာလဲ ဒီအဖြစ်ဆိုးကြီးကိုမြင်ရတဲ့အတွက် နှလုံးရောဂါနဲ့သေဆုံးသွားပါတယ်။ ၃၀-၄-၂၀၀၅ရက်နေ့မှာ ဆေးရုံပေါ်တက်ရောက် ကုသမှုခံယူနေတဲ့ ဒဏ်ရာရ အမျိုးသမီးတစ်ယောက် ထပ်မံသေဆုံးသွားပါတယ်။

ဒီလို အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုတွေနဲ့ ပတ်သက်ပြီး ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့မှာ နိုင်ငံတော်အစိုးရက ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) လက်ကျန်တွေရယ်၊ NCGUBမှ ပြည်ပြေးစိန်ဝင်း၊ ပြည်သစ်ညွှန့်ဝေ(ခေါ်) မောင်မောင်၊ လူ့ဘောင်သစ်အဖွဲ့မှ အောင်မိုးဇော်၊ NLD(LA)မှတင်ဦး၊ လွမ်းဏီနဲ့ ABSDFမှ ကိုကိုနိုင်တို့ တွေ့ဆုံပူးပေါင်းဆွေးနွေးစီမံချက်ရေးဆွဲပြီး မြန်မာပြည်အနှံ့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေလုပ်ဖို့အတွက်၊ ဘယ်သူတွေက ဘယ်နေရာဒေသတွေမှာ ဖောက်ခွဲရေးသင်တန်းတွေပေးနေတယ်၊ ဘယ်သူတွေ ဘယ်ဝါတွေကို ဘယ်ဒေသတွေစေလွှတ်ပြီး ဘယ်လိုနေရာတွေမှာ ဖောက်ခွဲဖျက်ဆီးဖို့ တာဝန်ပေးထားတယ်၊ ဘယ်သူဘယ်ဝါတွေကို ဘယ်မှာဖမ်းဆီးမိတယ် စသည်ဖြင့် အသေးစိတ်အချက်အလက်တွေနဲ့ သတင်းစာရှင်းလင်းပွဲကျင်းပပြီး ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

ဒီလို နိုင်ငံတော်က သတင်းစာရှင်းလင်းပွဲဖြင့် အသိပေးပြောဆိုသွားတာတွေကို NCGUBမှ ပြည်ပြေးစိန်ဝင်း၊ NLD(LA)မှ မြင့်သိန်း၊ ABSDFမှ ကျော်ကိုကိုတို့က သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုတင်ပြသွားတာတွေဟာ မမှန်ကြောင်း၊ သူတို့အနေနဲ့ အကြမ်းမဖက်တဲ့နည်းကိုသာ လက်ခံပြီး ဒီလိုအကြမ်းဖက်လုပ်ငန်းတွေကို ဆန့်ကျင်ကြောင်း ဗွီအိုအေကနေ ချက်ချင်းငြင်းချက်ထုတ်သွားပါတယ်။

၂၀-၂-၂၀၀၅ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာ မြင့်မြတ်စိုးဆိုတဲ့ ဆောင်းပါးရှင်က သတင်းစာရှင်းလင်းပွဲကောက်နုတ်ချက်တွေဖော်ပြလျက် မြန်မာပြည်အနှံ့ အတိတ်၊ ပစ္စုပ္ပန် ဗုံးဖောက်ခွဲဖျက်ဆီးခဲ့မှုတချို့ကို ဖော်ပြပြီး "အမှန်တရားဖြင့် သိကြားစေသက်သေညွှန်းလိုက်ပါသည်"ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းစာ ရှင်းလင်းပွဲမှာ တင်ပြချက်တွေဟာမှန်ကန်ကြောင်း ထောက်ခံ ရေးသားတင်ပြသွားခဲ့ပါတယ်။

၇-၅-၂၀၀၅ရက်နေ့က ရန်ကုန်မြို့ လူစည်ကားရာ ကုန်တိုက်ကြီးများနဲ့ မြန်မာ-ထိုင်းကုန်စည်ပြပွဲမှာ အကြမ်းဖက်သမား ဗုံးဖောက်ခွဲမှုကြောင့် ၁၁ဦးသေ၊ ၁၆၂ဦး ဒဏ်ရာရမှု ထပ်မံဖြစ်ပွားခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူတွေ ကျီးလန့်စာစား ဖြစ်ခဲ့ရပြန်ပါတယ်။

လူ့လောကမှာ "သဘောတရား(ခံယူချက်)ဟာ အလုပ်ရဲ့လမ်းညွှန်ဖြစ်တယ်"၊ "လူတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ကို သူရဲ့ခံယူချက်က လမ်းညွှန်တယ်" ဆိုတာတွေဟာ ပရမတ္ထသစ္စာတရားတွေ ဖြစ်ပါတယ်။

ဒီတော့ ဒီနေ့ပြည်တွင်းပြည်ပမှာ ရှိနေတဲ့ အစိုးရဆန့်ကျင်ရေးဝါဒီတွေဟာ ဒီမိုကရေစီ ဖော်ဆောင်ရေးမှာ ဘယ်သဘောတရားနဲ့ ဘယ်လုပ်ငန်းစဉ်တွေကို ဘယ်လိုခံယူချမှတ်ကျင့်သုံး လုပ်ဆောင်နေကြသလဲဆိုတာကို ဆန်းစစ်သုံးသပ်ပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုတွေမှာ သူတို့ရဲ့ သဘောထားနဲ့ လုပ်ဆောင်ချက်တွေ ပါ၊မပါ၊သူတို့လက်ချက် ဟုတ်၊မဟုတ်ဆိုတာကို လေ့လာသုံးသပ်ကြည့်ဖို့ လိုအပ်ပါတယ်။

ကမ္ဘာ့သမိုင်းမှာ နိုင်ငံရေး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြစ်တဲ့ ပါလီမန် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဟာ ဈေးကွက်(အရင်းရှင်)စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် " ကုန်လုပ်ဆက်ဆံရေးတွေဟာ ကုန်လုပ်စွမ်းအားစုတွေနဲ့ အညီ လိုက်ပါပြောင်းလဲရတယ်"ဆိုတဲ့ ဓမ္မတာတရားနဲ့အညီ လိုက်ပါပြောင်းလဲ တိုးတက်လာတဲ့ လူ့ဆက်ဆံရေးအသွင် ဖြစ်ပါတယ်။

ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒက ခေတ်ရှင်လူတန်းစားဟာ ကုန်ထုတ်လုပ်ရေး လက်နက်ကိရိယာတွေအားလုံးကို လျင်မြန်စွာ တိုးတက်ကောင်းမွန်စေခြင်းရယ်၊ ကူးသန်းဆက်သွယ်ရေးကို အများကြီးလွယ်ကူအောင် လုပ်ထားခြင်းရယ်တို့ဖြင့် အရိုင်းစိုင်းဆုံးသော လူမျိုးများအပါအဝင် အားလုံးကို လူယဉ်ခေတ်အတွင်းသို့ ဆွဲသွင်းခဲ့တယ်၊ အရင်းရှင်စနစ်နဲ့ ခေတ်ရှင်လူတန်းစားတို့အနေနဲ့ လူ့အဖွဲ့အစည်းရဲ့ တိုးတက်ဖြစ်ပေါ်ရေးကို ဘယ်လိုဘယ်ပုံ ထမ်းဆောင်သွားကြတယ်ဆိုတာ ညွှန်ပြထားပါတယ်။

အထက်ပါ အရင်းရှင်စနစ်နဲ့ ခေတ်ရှင်လူတန်းစားတို့ရဲ့ လူ့အဖွဲ့အစည်းရှေ့တန်းတက်လှမ်းရေးအတွက် ထမ်းဆောင်သွားမယ့် ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တပ်မတော်အစိုးရက ကာယကံမြောက် ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော်ပေးနေတာတွေဟာ ငြင်းမရတဲ့ တကယ့်ဖြစ်ရပ်မှန်တွေပဲ ဖြစ်ပါတယ်။

ဒီလို အခြေအနေမျိုးမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးရဲ့ တိုးတက်ဖြစ်ပေါ်ရေး (ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေး)ကို လိုလားသူတိုင်းဟာ တပ်မတော်အစိုးရကို မဟာမိတ်ပြု လက်တွဲပူးပေါင်းပြီး ကိုယ့်တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ကြရမယ့် တာဝန်ရှိပါတယ်။

သို့သော် ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေအားလုံးဟာ တပ်မတော် အစိုးရရဲ့ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်အားလုံးကို ပြောင်းပြန်လှန်ပြီး တစ်ခုမျှအကောင်းမမြင် အကောင်းမပြောဘဲ တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်လက္ခဏာချက်ဖြတ်ကာ"အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်" ဆိုတဲ့သဘောတရားအမှားကို ခံယူထုတ်ဆောင်ပြီး တပ်မတော်အစိုးရကို အပြုတ်တိုက် အာဏာရယူရေးကို ဒီမိုကရေစီရေးအဖြစ် လွဲမှားစွာ အားသွန်ခွန်စိုက် လုပ်ဆောင်နေကြတယ်။

ကျော်မြင့်နိုင်

ပြည်ပရောက် အစိုးရဆန့်ကျင်ရေးဝါဒီတွေဟာ နယ်စပ်မှာ ကျန်ရှိတဲ့လူမျိုးစုသူပုန်တွေကို မဟာမိတ်ဖွဲ့ လက်တွဲပြီး NCGUB ခေါ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွှန့်ပေါင်းအစိုးရဆိုတာကိုဖွဲ့ကာ တပ်မတော်အစိုးရကို လက်နက်ကိုင်ဆန့်ကျင်သူပုန်ထတဲ့လုပ်ရပ်၊ လေယာဉ်ပျံပြန်ပေးဆွဲတဲ့လုပ်ရပ်၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးကို ဝင်စီးပြီး ဓားပြတိုက်တဲ့လုပ်ရပ်၊ တရုတ်ပြည်မှပင့်ဆောင်လာတဲ့ဗုဒ္ဓစွယ်တော်မြတ် အပူဇော်ခံပွဲတော်အပါအဝင် တိုင်းပြည်နေရာအနှံ့အပြားမှာ ဗုံးခွဲလုပ်ကြံသတ်ဖြတ်တဲ့ လုပ်ရပ်၊ လမ်းတံတားတွေ၊ ဓာတ်ငွေ့ပိုက်လိုင်းတွေ ဖောက်ခွဲဖျက်ဆီးတဲ့လုပ်ရပ် စတဲ့ လူသတ်ဝါဒ၊ အကြမ်းဖက်ဝါဒ လုပ်ရပ်အားလုံးကို ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ် (လုပ်ငန်းစဉ်)အဖြစ် တစ်ဖက်က လုပ်ဆောင်နေကြပြီး အခြားတစ်ဖက်ကလည်း နိုင်ငံတကာမှ မြန်မာနိုင်ငံကို စီးပွားရေး၊ နိုင်ငံရေးအရ ပိတ်ဆို့ဖိအားပေးမှုတွေဖြင့် တိုင်းပြည်နဲ့ ပြည်သူတွေကို စီးပွားရေးတွေကျဆင်းကျပ်တည်းစေကာ အုံကြွမှုတွေ ဖြစ်ပေါ်လာအောင် ဖန်တီးလုပ်ဆောင်ပြီး လူထုဆူပူအုံကြွမှုနဲ့ တည်ဆဲအစိုးရကို ဖြုတ်ချကာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာရယူနိုင်ရေး၊ နိုင်ငံတကာကိုလှည့်လည်ပြီး တပ်မတော်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှု၊ ဒီမိုကရေစီရေး ဖိနှိပ်ပိတ်ပင်မှု၊ တိုင်းရင်းသူတွေကို မြန်မာစစ်တပ်က မတရားကျူးလွန်စော်ကားမှု၊ မတရားဖမ်းဆီး ဖိနှိပ်ထောင်ချ သတ်ဖြတ်မှုတွေ လုပ်နေတယ်လို့ မဟုတ်မမှန်လုပ်ကြံဖန်တီးစွပ်စွဲပြီး နိုင်ငံတကာနဲ့ ကုလသမဂ္ဂရဲ့ဖိအား၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖိအားနဲ့ NLD ကိုအာဏာလွှဲပေးရေးအတွက် နည်းမျိုးစုံနဲ့ လုပ်ဆောင်ဖန်တီးနေကြတယ်။

၄-၅-၂၀၀၅ရက်နေ့ ညနေမှာ ဗွီအိုအေက မြန်မာစစ်တပ်တွေက KNPP သူပုန်တွေကို တိုက်ရာမှာ ဓာတုလက်နက်တွေ သုံးတယ်ဆိုတဲ့ လုပ်ကြံမှုကို စတန့်ထွင်လာကြပြန်တယ်။

ဒါတွေကို ဆက်စပ်သုံးသပ်ကြည့်ရင် အကြမ်းဖက်ဝါဒ၊ လူသတ်ဝါဒနဲ့ စီးပွားရေးပိတ်ဆို့မှုဖြင့် ပြည်သူတွေ ဆင်းရဲကျပ်တည်းစေတဲ့ နည်းတွေဟာ ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ ဒီနေ့လက်တွေ့လုပ်ဆောင်နေတဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ် ဖြစ်နေပါတယ်။

ဒါကြောင့် ဧပြီလ၂၆ရက်နေ့ မန္တလေးဈေးချိုတော်မှာ ဗုံးဖောက်ခွဲမှု၊ မေလ ၇ရက်နေ့ ရန်ကုန်မြို့ ကုန်တိုက်ကြီးသုံးခုမှာ ဗုံးဖောက်ခွဲမှုတွေဟာ ၎င်းတို့ကိုယ်ကို ၎င်းတို့ ဒီမိုကရေစီတော်လှန်ရေးသမားတွေအဖြစ် ကြွေးကြော်နေတဲ့ အစိုးရဆန့်ကျင်ရေးဝါဒီ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်တစ်ခုသာ ဖြစ်ကြောင်း ပေါ်လွင် ထင်ရှားနေပါတယ်။

သူတို့ ဘာကြောင့် ဒီလိုလုပ်ကြသလဲ။

မြန်မာနိုင်ငံမှာ စစ်အာဏာရှင်အစိုးရ အုပ်စိုးနေမှုကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မရှိဖြစ်နေရတယ်။ ဒီမိုကရေစီ အစိုးရအုပ်ချုပ်မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိမယ်။ ဒါကြောင့် တပ်မတော်အစိုးရကို နိုင်ငံတကာက ပိုမိုဖိအားပေးလာအောင်၊ ပြည်သူတွေကလဲ တပ်မတော်အစိုးရကို ဆန့်ကျင်လာအောင်ဆိုတဲ့ ရွေ့ဉာဏ်တော်စူးရောက်မှုနဲ့ လုပ်ဆောင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဒါဟာ အတိတ်က ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တွေ ကျင့်သုံးခဲ့တဲ့ မှားယွင်းလွဲချော်တဲ့ နည်းဗျူဟာကို တလွဲဆံပင်ကောင်းပြီး အမွေဆက်ခံနေကြတာကြောင့် ဖြစ်တယ်။

ဗကပတွေဟာ တစ်ဖက်ကသူတို့ဟာ အစိုးရရဲ့မတရားဖိနှိပ်မှုတွေကြောင့် ပြည်တွင်းစစ်ကို မလိုလားဘဲနဲ့ လက်နက်ကိုင် သူပုန်ထနေရတာဖြစ်တယ်။ ပြည်တွင်းစစ်ဖြစ်အောင် အစိုးရကလုပ်တာပဲဖြစ်တယ်ဆိုပြီး ပြည်သူတွေကို ဝါဒဖြန့်ပြီး မှိုင်းတိုက်ခဲ့ပါတယ်။

တစ်ဖက်က(သူတို့အဆိုအရ) ပြည်တွင်းစစ်ကိုဖန်တီးတဲ့ အစိုးရကို ပြည်သူတွေ ရွံမုန်းဆန့်ကျင်လာအောင် အလေးထားမှု၊ အားကိုးယုံကြည်မှု လျော့ပါးလာအောင်ရည်ရွယ်ပြီး တံတားတွေဖျက်၊ လမ်းတွေဖျက်ပြီး မီးရထားတွေကို ဗုံးခွဲတိုက်ခိုက်ခဲ့ကြတယ်။ သမဝါယမဆိုင်တွေ၊ စာသင်ကျောင်းတွေဟာ အစိုးရရဲ့ ဒေါက်တိုင်တွေဖြစ်တယ်ဆိုပြီး သမဝါယမဆိုင်တွေက ပစ္စည်းတွေ သိမ်းခဲ့ကြတယ်။ စာသင်ကျောင်းတွေကို ပိတ်ပစ်ခဲ့ကြတယ်။ အစိုးရ အကျပ်အတည်းတွေဖြစ်စေဖို့ သူတို့ကြီးစိုးရာနယ်မြေမှထွက်တဲ့ ဆန်စပါးတွေ၊ သီးနှံတွေကို အစိုးရနယ်မြေ သွားမရောင်းရ၊ သွားရောင်းခဲ့ရင် "နွားကို ဟင်း၊ လှည်းကို ထင်း၊ လူကို ကျင်း"ဆိုပြီး စီးပွားရေးပိတ်ဆို့မှုတွေ လုပ်ခဲ့ကြတယ်။

သက်ရောက်လာတဲ့ အကျိုးကတော့ မီးရထားကို သူတို့မိုင်းခွဲတိုက်ရာမှာ တိုက်ပွဲဖြစ်ပြီး ကျကျန်ခဲ့တဲ့ ဗကပအဖျက်သမားရဲ့အလောင်းကို ခရီးသွားပြည်သူတွေက ကျင်ငယ်ရည်နဲ့ဝိုင်းပန်းတဲ့အထိ ရွံမုန်းခဲ့ကြတယ်။ မြစ်ဖျားဒေသမှာ ဗကပဟာ ကဒူးကဏန်းတိုင်းရင်းသားတွေရဲ့ တုံ့ပြန်တိုက်ခိုက်တာခံခဲ့ရပြီး ကချင်ပြည်နယ်မှာလဲ ကချင်တိုင်းရင်းသားတွေက ပြန်လှန်ဆန့်ကျင်ခဲ့ကြလို့ ကျေပျက်ကျဆုံးခြင်းဖြင့် နိဂုံးချုပ်ခဲ့ကြရတယ်။

ဒါတောင် နောင်တမရနိုင်သေးတဲ့ ဗကပလက်ကျန် ရဲဘော် သံချောင်းဆိုသူက ဥပဒေဘောင်အတွင်းဝင်ရောက်ပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့တချို့ ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲတာကို ဗွီအိုအေကနေပြီး မလိုမုန်းထားစိတ်နဲ့ ဆန့်ကျင်ကန့်ကွက်နေဆဲဖြစ်တာကို တွေ့ရှိရတယ်။

ဒီမိုကရေစီရဲ့ အနှစ်သာရဟာ လွတ်လပ်မှု၊ တန်းတူမှုနဲ့ တရားမျှတမှုဖြစ်ပါတယ်။ လူသားတစ်ယောက်ရဲ့ ပြည့်ဝတဲ့ လွတ်လပ်မှုရရှိရေးဟာ စီးပွားရေးအရ သူတစ်ပါးအပေါ် အမှီအခိုကင်းရေးဖြစ်ပြီး လူလူချင်းအခွင့်အရေး တန်းတူရေး ဆိုတာကတော့ လူသားတိုင်းဟာ ဘယ်ကုန်လုပ်ကိရိယာကိုမဆို ကိုင်စွဲထုတ်လုပ်နိုင်တဲ့ အရည်အချင်းလဲရှိပြီး ကုန်ထုတ်လုပ်ရာမှာလဲ ကာယ၊ ဉာဏ မခွဲခြားဘဲ၊ ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ လူသားတိုင်း ထုတ်လုပ်ကိရိယာတွေ ကိုင်စွဲပြီး ကုန်ထုတ်လုပ်တဲ့ အနေအထားမျိုးမှသာ ပြည့်ဝတဲ့ တန်းတူမှုရှိနိုင်ပြီး ပြည့်ဝတဲ့ တန်းတူမှုနဲ့ လွတ်လပ်မှုရရှိနိုင်မှာပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့ အနှစ်သာရဟာ လွတ်လပ်မှု၊ တန်းတူမှုနဲ့ တရားမျှတမှုဖြစ်ပါတယ်။ လူသားတစ်ယောက်ရဲ့ ပြည့်ဝတဲ့ လွတ်လပ်မှုရရှိရေးဟာ စီးပွားရေးအရ သူတစ်ပါးအပေါ် အမှီအခိုကင်းရေးဖြစ်ပြီး လူလူချင်းအခွင့်အရေး တန်းတူရေးဆိုတာကတော့ လူသားတိုင်းဟာ ဘယ်ကုန်လုပ်ကိရိယာကိုမဆို ကိုင်စွဲထုတ်လုပ်နိုင်တဲ့ အရည်အချင်းလဲရှိပြီး ကုန်ထုတ်လုပ်ရာမှာလဲ ကာယ၊ ဉာဏ မခွဲခြားဘဲ၊ ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ လူသားတိုင်းထုတ်လုပ်ကိရိယာတွေ ကိုင်စွဲပြီး ကုန်ထုတ်လုပ်တဲ့ အနေအထားမျိုးမှသာ ပြည့်ဝတဲ့ တန်းတူမှုရှိနိုင်ပြီး ပြည့်ဝတဲ့ တန်းတူမှုနဲ့ လွတ်လပ်မှုရရှိနိုင်မှာပဲ ဖြစ်ပါတယ်။

ပြည့်ဝတဲ့ တန်းတူမှုနဲ့ လွတ်လပ်မှုရှိမှသာ တရားမျှတမှုဆိုတာ တည်ရှိနိုင်ပါလိမ့်မယ်။

ဒီလို လူ့အဖွဲ့အစည်းမျိုးကို ဆိုက်ရောက်လာရေးဟာ မြေကိုလူမျိုးပိုင်လုပ်ထားတဲ့သမ္မတနိုင်ငံမျိုးကသာ မလွဲကေန်ဆိုက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်နဲ့ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဟာ ဒီလိုအခြေအနေမျိုးကို ဆိုက်ရောက်စေနိုင်မယ့် လမ်းစဉ်(လုပ်ငန်းစဉ်)တွေပဲ ဖြစ်ပါတယ်။

ဒါတွေကို ကြိုးပမ်းလုပ်ဆောင်နေတဲ့ တပ်မတော်အစိုးရကို အပြုတ်တိုက်ပြီး အာဏာရယူနိုင်ရေးအတွက် အကြမ်းဖက်သူပုန်ထ ဆန့်ကျင်တိုက်ခိုက်တဲ့နည်း၊ ဗုံးခွဲလူသတ်တဲ့နည်း၊ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုနည်းဆိုတာတွေနဲ့ ပြည်သူတွေ ဆင်းရဲကျပ်တည်းစေမှုကို အရင်းပြုပြီး မိမိတို့ အာဏာရရေးကို လုပ်ဆောင် လုံးပန်းနေသူတွေ လူကြားကောင်းအောင် ကြွေးကြော်နေတဲ့ ဒီမိုကရေစီရေး တိုက်ပွဲဝင်နေတယ်ဆိုတာဟာ ယုတ္တိရှိရဲ့လားဆိုတာရယ်။

ဒီလိုလုပ်ရပ်တွေကို အားပေးထောက်ကူနေတဲ့ အနောက်အုပ်စုနိုင်ငံတွေနဲ့ ပြည်ပမှ ဒီမိုကရေစီရေးကို လိုလားထောက်ခံနေပါတယ်ဆိုပြီး ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေဘက်က တစ်ဖက်သတ်ဘက်လိုက်ပြီး ဖိအားမျိုးစုံပေးနေတဲ့ အဖွဲ့အစည်းတွေကရော သူတို့ကိုယ်သူတို့ ဒီမိုကရေစီရေး လိုလားသူတွေလို့ပြောနေတာဟာ ယုတ္တိရှိရဲ့လားဆိုတာ မေးခွန်းထုတ်လိုက်စမ်းပါရစေ။

အာဏာမရခင်ကပင် ဒီလိုသူပုန်ထ အကြမ်းဖက်တိုက်ခိုက်တဲ့ နည်းတွေနဲ့ အာဏာရရေး ကြိုးပမ်းနေတာတွေ၊ လူသတ်ဝါဒနည်း၊ လူတွေဆင်းရဲ ကျပ်တည်းငတ်ပြတ်ပြီး အုံကြွမှုကို ဖန်တီးတဲ့ စီးပွားရေးဒဏ်ခတ်မှုနည်းတွေကို အရင်းပြုပြီး အာဏာရရေးအတွက် ပြည်သူတွေကို စတေးကြသူတွေသာ နိုင်ငံတော်အာဏာရရှိသွားပြီး တိုင်းပြည်နဲ့လူမျိုးအပေါ် အုပ်စိုးခြယ်လှယ်ခွင့်များရရှိခဲ့ရင် သူတို့အလိုကျမလိုက်နာနိုင်တဲ့ ပြည်သူတွေအပေါ် ဘယ်လောက်များ ရက်စက်ကြမ်းကြုတ် ဖိနှိပ်လိုက်ကြမလဲဆိုတာ မတွေးဝံ့စရာဖြစ်နေပါတယ်။

ဒါကြောင့်မို့ လူသတ်ဝါဒကို ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်အဖြစ် ကျင့်သုံးနေကြတဲ့ အဖျက်ရန်သူများအား တပ်မတော်နှင့်အတူ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် တိုက်ဖျက် ဖယ်ရှားသွားကြရန် ပြည်သူအပေါင်းအား နှိုးဆော်တိုက်တွန်း တင်ပြလိုက်ရပါတယ်။ ။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား တစ်နေ့တန်၂၀၀ပျော့ဖတ်စက်ရုံ(သာပေါင်း)ရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း) တည်ဆောက်ရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၅ မှ

ယနေ့ သာပေါင်းပျော့ဖတ်စက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်ပေးခြင်းကြောင့် ပျော့ဖတ်ထုတ်လုပ်မှုနည်းပညာများကို ရရှိနိုင်ပြီး ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေမှာဖြစ်ကြောင်း။

များစွာအကျိုးပြု

ထို့ပြင် စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်းနှင့် ဝါးစိုက်ခင်းများတွဲဖက်စိုက်ပျိုးထူထောင်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်မြင့်မားလာပြီး ဧရာဝတီတိုင်း၏ စီးပွားရေးကဏ္ဍသည်လည်း သိသာစွာတိုးတက်လာမှာဖြစ်ရာ နိုင်ငံတော်အတွက်လည်း အကျိုးကြီးမားပြီး ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ဤစက်ရုံဖွင့်လှစ်ခြင်းကြောင့် ငဝန်မြစ်အနောက်ဘက်ခြမ်း၊ အထူးသဖြင့် သာပေါင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်၍ စေတနာထားဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရအား ဧရာဝတီတိုင်း၌ သာပေါင်းပျော့ဖတ်စက်ရုံကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ဧရာဝတီတိုင်းသားများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ဝိုင်းဝန်းပံ့ပိုး

ဧရာဝတီတိုင်းသားများအနေဖြင့်လည်း နိုင်ငံတော်၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ကသတ်မှတ်ပေးထားသည့် စက်စွမ်းအား အပြည့်အဝလည်ပတ်နိုင်ရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် စက်ရုံကြီးလည်ပတ်နိုင်ရေးအတွက် ဝါး၊သစ်နှင့် ဆားကြမ်းလိုအပ်ချက်များ အပြည့်အဝရရှိရေး ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သာပေါင်းတန်၂၀၀ ပျော့ဖတ်စက်ရုံသည် ၁၉၈၈-၈၉ခုနှစ်နောက်ပိုင်းတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ၅၁ရုံမြောက် တည် ဆောက်ပြီးစီးသည့် စီမံကိန်းစက်ရုံအသစ်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လက်ရှိလူတစ်ဦးကျ တစ်နှစ်စက္ကူသုံးစွဲမှုမှာ ၂ဒသမ၆ကီလိုဂရမ်ခန့် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်အတွက်လိုအပ်လျက်ရှိသော စက္ကူများဖြည့်ဆည်းပေးသွားနိုင်ရန် နှစ်ရှည်နှစ်၃၀ စီမံကိန်းရေးဆွဲ၍ စက္ကူနှင့်ပျော့ဖတ်စက်ရုံများကို အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း။

စက္ကူပျော့ဖတ်မှာ ဝါးအမျိုးမျိုး၊ သစ်အမျိုးမျိုးတို့ကို အခြေခံ၍ ထုတ်လုပ်ရသည့် ပစ္စည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ သစ်တော၊ ဝါးတောကြီးများ ဖုံးလွှမ်းနေသည့်အတွက် စက္ကူကုန်ကြမ်းမှာ မရှားပါးဘဲ အလွယ်တကူရရှိနိုင်ကြောင်း။

စမ်းသပ်လည်ပတ်

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းက ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ၌ တစ်နေ့တန်၂၀၀အရောင်ချွတ်ပြီး ဝါးပျော့ဖတ်စက်ရုံတည်ဆောက်အကောင်အထည်ဖော်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group)Corporation နှင့် ၃၁-၈-၂၀၀၀ ရက်က စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းကို ၂၀၀၁ခုနှစ် နိုဝင်ဘာ၁ရက်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ စက်ရုံတစ်ခုလုံး စက်စမ်းသပ်လည်ပတ်မှုကို ၂၀၀၄ခုနှစ် အောက်တိုဘာလ၁ရက်တွင် စတင်စမ်းသပ်လည်ပတ်နိုင်ခဲ့ကြောင်း။

သာပေါင်းမြို့နယ်၊ ရေကြည်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ငပုတောမြို့နယ်၊ ဂွမြို့နယ်တို့မှ တစ်နှစ်ထုတ်ယူနိုင်မှု ခန့်မှန်းခြေတန်ချိန်မှာ ၁၃သိန်းခန့်ဖြစ်ကြောင်း၊ စက်ရုံအတွက် ဝါးလိုအပ်ချက်မှာ တစ်နှစ် တန်ချိန်လေးသိန်းခန့်သာဖြစ်သည့်အတွက် တစ်နှစ် ထုတ်ယူရရှိနိုင်သည့် ဝါး၏ရာခိုင်နှုန်း ၃၀ခန့်သာရှိသဖြင့် ဝါးကုန်ကြမ်းလုံလောက်မှုရှိသည့်အတွက် သာပေါင်းဒေသ၌ စက်ရုံကို ရွေးချယ် တည်ဆောက်ရခြင်းဖြစ်ကြောင်း။

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံမှာမြန်မာနိုင်ငံ၌လောလောဆယ်တွင် တည်ဆောက်ပြီးစက်ရုံများအနက် ရင်းနှီးမြုပ်နှံမှုတန်ဖိုးအရလည်းကောင်း၊ ထုတ်ကုန်ပမာဏအရလည်းကောင်း၊ လုပ်သားအင်အားအရလည်းကောင်း အကြီးဆုံးစက်ရုံတစ်ရုံဟုဆိုနိုင်ကြောင်း၊ စက်ရုံအတွက် သစ်တောသယံဇာတများကိုအသုံးပြုရင်းတစ်ဖက်တွင်လည်းသဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်ပေါ်စေရန် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ စက်မှုသုံးသစ်တောစိုက်ခင်းများကို ၂၀၀၀ပြည့်နှစ်မှစ၍ စိုက်ပျိုးလျက်ရှိရာ စုစုပေါင်းသစ်ဧက၁၂၆၅၀ နှင့် ဝါး ဧက ၃၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း။

စာချုပ်ချုပ်ဆို

ပျော့ဖတ် တစ်နေ့တန် ၅၀ကို Offset Printing Paper , Copier Paper, Laser Typing Paper, Coated Art Paper စသည်ဖြင့်နိုင်ငံတော်၌ လိုအပ်လျက်ရှိသည့် အဆင့်မြင့်စက္ကူအမျိုးမျိုးဆက်လက်ထုတ်လုပ်သွားရန်အတွက် တစ်နေ့တန် ၅၀ အဆင့်မြင့်စက္ကူစက်ကိုတန်၂၀၀ ပျော့ဖတ်စက်ရုံအနီး၌ တည်ဆောက်သွားရန် China Metallurgical Construction (Group) Corporation နှင့်ပင်စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ ထို့ပြင်တန် ၆၀ CTMP သတင်းစာစက္ကူရုံကိုလည်း အကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ ပေါများကြွယ်ဝလှသည့် သစ်တောသယံဇာတအရင်းအမြစ်များကိုအကျိုးရှိရှိအသုံးပြုပြီး ပျော့ဖတ်နှင့်စက္ကူစက်ရုံများတည်ဆောက်အကောင်အထည်ဖော်ခြင်းဖြင့် ကုန်ထုတ်အရင်းအနှီးများ၊ နည်းပညာအသစ်များ၊ အလုပ်အကိုင်အသစ်များပေါ်ထွန်းလာမည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ပြည်ပမှစက္ကူတင်သွင်းမှုကိုလျော့နည်းသွားစေမည့်အပြင် ထွက်ရှိလာသည့် ပျော့ဖတ်များကို နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းဖြင့်နိုင်ငံခြားဝင်ငွေကိုလည်း တိုးမြှင့်ပြီးရှာဖွေနိုင်မှာဖြစ်ကြောင်း။

ဤစက်ရုံကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ MCC ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုတည်ဆောက်ခဲ့သော စက်ရုံကြီးတစ်ရုံဖြစ်သည့်အတွက် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးခရီးတွင်လည်း ထူးခြားထင်ရှားသည့် မှတ်တိုင်ကြီးတစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် သာပေါင်းမြို့ အမှတ်(၂) ရပ်ကွက်မှ ဦးဝင်းသိန်းက သာပေါင်းမြို့၌ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ တည်ဆောက်ပြီး အခြားခေတ်မီစက်ရုံများ ဆက်လက် တည်ဆောက်ပေးသွားမည်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ၏ ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်သဖြင့် စက်ရုံတည်ဆောက်ပေးသည့် နိုင်ငံတော်အစိုးရအား ဒေသခံ ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး စက်ရုံဖွင့်ပွဲ အစီအစဉ်ကျင်းပမည့်နေရာ၌ နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ MCC ကုမ္ပဏီဥက္ကဋ္ဌ Mr. Ma Yanli တို့က တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် စက်ရုံ ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် စက်ရုံဆိုင်းဘုတ်တို့ကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ရှေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ MCC ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်ရုံမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပျော့ဖတ်များအခြောက်ခံဌာနစိတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံက ပထမဆုံးထွက်ရှိသည့် ပျော့ဖတ်ချပ်ပေါ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဤစက်ရုံကိုပြည်တွင်းစက္ကူသုံးစွဲမှု ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့်ပြည်ပမှ စက္ကူတင်သွင်းမှုကို လျော့ကျစေရန်၊ ပျော့ဖတ်ကိုနိုင်ငံခြားပို့၍ နိုင်ငံခြားငွေတိုးတက်ရှာဖွေရန်၊ လူတစ်ဦးစီ၏စက္ကူသုံးစွဲမှုကို မြှင့်တင်ရန်၊ ခေတ်မီနည်းပညာများ ရရှိစေရန်၊ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်ဟူသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ရဲနွယ်တမံဘက်စုံစီမံကိန်းစစ်ဆေး တမံအချောသပ် မြေဖို့ကျောက်စီလုပ်ငန်းများ အမြန်ပြီးစီးရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့သည် မေ၁၀ ရက် နံနက်က ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး တည်ဆောက်နေသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပင်မတမံမြေဖို့လုပ်ငန်းတွင် ပြီးစီးအောင် ဆောင်ရွက်ရမည့် အမြင့်၂၅၁ပေ အထိ တမံအထက်ပိုင်းပြီးစီးမှု၊ တမံအောက်ဘက်ခြမ်းတစ်ဖက်တွင် စက်ယန္တရားများဖြင့် ဆက်လက်ဆောင်ရွက်နေမှု၊ ရေပိုလွှဲလုပ်ငန်း၊ ရေလွှဲဆည်နှင့်ရေသောက်စနစ် တည်ဆောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက တည်ဆောက်ရေးအင်ဂျင်နီယာများအား တမံအချောသပ်မြေဖို့၊ ကျောက်စီ လုပ်ငန်းများ အမြန်ပြီးစီးရေး၊ ယခုနှစ်မိုးရာသီမှ စတင်၍ရေလှောင်တမံအတွင်း ရေစတင်သိုလှောင်ရေး၊ လုပ်ငန်းများသေသပ်ခိုင်ခံ့ရေး၊ စက်သုံးဆီခြိုးခြံချွေတာရေး၊ ရေလွှဲဆည်နှင့် ရေသောက်တူးမြောင်းစနစ် အကောင်အထည်ဖော်မှုတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်ရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးမော်သာထွေးက ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်နေသော ရေယူဥမင်လိုဏ်အတွင်း Steel လိုင်နာတပ်ဆင်မှု၊မြေအောက်ဒေါင်လိုက် ဥမင်ရေတံခါး တပ်ဆင်ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြရာ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းကျော်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

မှာကြား

တင်ပြချက်များအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လုပ်ငန်းများ အချိန်ကိုက် ပြီးစီးအောင် ဆောင်ရွက်ရေး၊ရေလှောင်တမံလုပ်ငန်းပြီးစီးမှု အပိုင်းများနှင့် ဆက်စပ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်တို့သည် ရှုရပ်အမြင့်ပိုင်းမှ တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ယာပုံ)** သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးများသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ရေယူဥမင်လိုဏ် (အထွက်ပိုင်း) အတွင်းပိုင်းနှင့် Steel လိုင်နာတပ်ဆင်မှုနှင့် ဥမင်လိုဏ်၏ ကျောက်သားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က တည်ဆောက်ရေး တာဝန်ခံများအား မှာကြားသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ တည်ဆောက်ရေးအင်ဂျင်နီယာများက လုပ်ငန်းဆက်စပ်နေသော ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တမံအလျားပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ ပေရှိသည့် ပင်မတမံဖြင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၂၁၂၆၀၀ သိုလှောင်၍ ရေလှောင်တမံအောက်ရှိ ရေလွှဲဆည်မှ ဧက ၁၁၈၅၀၀ ကို ဆည်ရေပေးနိုင်မည့်အပြင် နှစ်စဉ်ထုတ်လုပ်ပေးနိုင်မည့် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေပြည်သာမြို့ မန္တလေးကျောင်းတိုက် တိုက်အုပ်ဆရာတော် **ဦးသုစိတ္တက နာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးလှိုင်မြင့်၊ အတွင်းရေးမှူး ဦးမျိုးသက်အောင် တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်စဉ်။**

(က-ပ)

မကွေးတိုင်းအတွင်း မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၇ရက်နံနက်ပိုင်းက မကွေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ရေပေးရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ ဝန်ကြီးသည် မကွေးတိုင်းချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိမှ ဝန်ထမ်းဖွဲ့စည်းပုံ၊ အဖွဲ့ဝင်ငွေနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ချောက်မြို့ရေပေးဝေရေး ဆောင်ရွက်မှုနှင့် တိုးချဲ့ဆောင်ရွက်မည့် စီမံချက်အား ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဖွဲ့ဝင်ငွေဖြင့်ဆောင်ရွက်ပေးနိုင်သည်များအား အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မြို့ရေပေးရေးလုပ်ငန်းအပေါ် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိလာရာ မြို့နယ်အမှုဆောင်အရာရှိမှ မြို့နယ်၏ဝင်ငွေ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ယာဉ်ယန္တရားလိုအပ်ချက်များအား တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးသည် အဖွဲ့ပိုင်ပျိုးဥယျာဉ်ကို စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့ ရေပေးရေးနှင့်ပတ်သက်၍ ညှိနှိုင်းကျင်းပသော အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ **(ဝဲပုံ)**

ပထမဦးစွာ ကျောက်ပန်းတောင်းမြို့ ရေပေးဝေမှုအခြေအနေအား အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြရာ ဝန်ကြီးက မြို့ရေပေးရေးနှင့် ပတ်သက်၍ ရေထုတ်ယူ ရရှိနိုင်မှုအခြေအနေ၊ လက်ရှိသုံးစွဲနေမှု အခြေအနေများအပေါ် လေလွင့်ပြုန်းတီးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

စစ်ဆေး

ဆက်လက်၍ မေ ၈ ရက်နေ့ နံနက်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာ အမှုဆောင်အရာရှိက စည်ပင်သာယာရေးလုပ်ငန်းများအား တင်ပြရာ ဝန်ကြီးက လိုအပ်ချက်များ မှာကြားခဲ့သည်။ ဆက်လက်၍ ရုံးဝင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်၊ ယန္တရားများကို စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မကွေးမြို့ ရေပေးဝေမှုအခြေအနေနှင့် မြစ်ရေတင်စနစ်ဖြင့် တိုးချဲ့ဖြန့်ဝေပေးမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် တောင်တွင်းကြီးမြို့သို့ ရောက်ရှိရာ တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာက ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝင်ငွေရရှိမှုနှင့် မြို့ရေပေးဝေမှုအခြေအနေများအား တင်ပြရာ ဝန်ကြီးက မြို့ရေပေးရေး အလေးထားဆောင်ရွက်ရန်၊ ပျက်နေသောတွင်းများ အမြန်ပြန်လည်ပြုပြင်ပြီး ရေဖြန့်ဝေပေးရန်နှင့် အိမ်သွယ်ရေတိုင်များကို ရေမီတာစနစ်တကျ တပ်ဆင်ရေး မှာကြားခဲ့သည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှား ရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကိုဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

စာမျက်နှာ ၁၁ မှ

ဆက်လက်၍ ပျော့ဖတ်ချပ်များ ထုပ်ပိုးခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပျော့ဖတ်များကို သတ်မှတ်အရွယ်အစားအလိုက် အလိုအလျောက် ဖြတ်စက်ဖြင့် ဖြတ်ခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် စက်ရုံစုမှူးဦးညွန့်အောင်တို့က Thermal Power Plant နှင့် Recovery Plant စက်ရုံတို့၏ စက်ရုံအလိုက် လည်ပတ်မှုနည်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဦးအောင်သောင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တစ်နေ့ ၁၀တန် ကော့စတစ်ဆိုဒါထုတ်လုပ်မှု နည်းစဉ်နှင့် တစ်နေ့ ငါးတန် ကလိုရင်းအောက်ဆိုဒ် ထုတ်လုပ်မှုနည်းစဉ်များကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ကုန်ကြမ်းဝါးများကို စက်ဖြင့်ဖြတ်တောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ကုန်ကြမ်းဝါးစုဆောင်းထားမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝေန်မြစ်ကမ်းသို့ရောက်ရှိကြပြီး ဝေန်မြစ်အတွင်းမှ ဝါးများကို ဝန်ချီစက်များဖြင့် မော်တော်ယာဉ်များပေါ်သို့ တင်ပို့မှုနှင့် ဝေန်မြစ်အတွင်း ဒေသအသီးသီးမှရောက်ရှိနေသည့် ဝါးဖောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေဆိုးသန့်စင်စက်ရုံကို ရှုရပ်မျှော်စင်မှ ကြည့်ရှုကြသည်။

စက္ကူစက်ရုံပန္နက်တင်

ထို့နောက် တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံဝင်းအတွင်း တည်ဆောက်မည့် တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Li Jinjunတို့သည် အမှတ်(၁)ပန္နက်နေရာ၌ ပန္နက်တိုင်များကို မင်္ဂလာအချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တင်ပေးကြသည်။

အလားတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် MCC မှ Mr. Xu Xiechung တို့သည်လည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် MCC မှ ဒါရိုက်တာ Mr.Wang Laren တို့သည်လည်းကောင်း၊ ဝန်ကြီးဦးအောင်သောင်းနှင့်MCC President, Mr. Ma Yanli တို့သည်လည်းကောင်း သက်ဆိုင်ရာနေရာများ၌ ပန္နက်တိုင်များကို ပန္နက်တင်ပေးကြသည်။

ပန္နက်တင်အပြီးတွင် ပန္နက်တိုင်များကို နံ့သာရည်များ ပက်ဖျန်းပေးကြပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရော်ဘာစိုက်ပျိုးမှုတင်ပြ

ပန္နက်တင်မင်္ဂလာအပြီးတွင် စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဦးအောင်သောင်းက တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)တည်ဆောက်ရသည့် ရည်ရွယ်ချက်များ၊ စက္ကူတစ်နှစ်လိုအပ်ချက်နှင့် ပြည်တွင်းမှထုတ်လုပ်နိုင်မှု၊ ပြည်ပမှ တင်သွင်းရမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံထားမှုများ၊ တန်၅၀အဆင့်မြင့် စက္ကူစက်ရုံ၊ တန်၆၀ဓာတုကြိတ်စက် ပျော့ဖတ်စက်ရုံစီမံကိန်းများ ဆက်လက် အကောင်အထည်ဖော်ရန် စီစဉ်ထားမှုများ၊ ပျော့ဖတ်တစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ်များ၊ ကုန်ကြမ်းဝါးရရှိမှုများနှင့် ချောင်းသာဒေသ၌ ရော်ဘာစိုက်ပျိုးရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စက်ရုံနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ စက်ရုံအတွက် သွင်းအားစုနှင့်ဝါးလိုအပ်ချက်များ၊ ဝါးထုတ်ယူရရှိမှုများ၊ စက်ရုံသို့ ကုန်းလမ်း၊ ရေလမ်းတို့မှ ဝါးများ သယ်ယူနိုင်မှုများ၊ သစ်တောစိုက်ခင်း၊ ဝါးကုန်ကြမ်း စိုက်ခင်းများ ပြန်လည်စိုက်ပျိုးထူထောင်ထားမှုများ၊ ဝန်ထမ်းရေးရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က စက်ရုံ၏ လျှပ်စစ်ဓာတ်အားနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကုန်ကြမ်းဝါး ဝယ်ယူရရှိမှုများ၊ စက်ရုံသို့ ဝါးသယ်ယူသည့် လမ်းကြောင်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဝါးစိုက်ခင်းများ ဆောင်ရွက်စိုက်ပျိုးနိုင်မှုများကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သင့်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ စက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံကြီး စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်ဆက်နွှယ်နေသည့် ဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊

စက်ရုံ၏ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကာမိအောင် လေ့လာသုံးသပ်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ စက်စွမ်းအားပြည့် လည်ပတ်နိုင်အောင် အမြဲဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် စက်ရုံနှင့် ဆက်စပ်နေသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဓမ္မစေတီ အထူးတရားပွဲ

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆) ရပ်ကွက် ဇေယျဝတီပရိယတ္တိစာသင်တိုက် ဝိဇ္ဇာရေဓမ္မဗိမာန်တွင် ဓမ္မကထိက ဆရာတော်(ဓမ္မစေတီ) အရှင်ကောသလ္လ (မဟာဓမ္မာစရိယ-M.A. Buddhism) အရှင်သူမြတ်က မေ ၁၅ ရက် **(ယနေ့)** မှ ၂၂ ရက်အထိ ရှစ်ရက်တိုင်တိုင် ညစဉ် ၇ နာရီမှစ၍ သတိ ပဋ္ဌာန်တရားများ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၀၅ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	တန်ခိုးတော်အနန္တ ပြည့်ဝမွန်းထုံ ရွှေစည်းခုံ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	သစ်သီးပင်မျိုးပွားနည်းများ
၇:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၅၀	ဝါသနာရှင်စင်မြင့်
၈:၃၀	စည်း(ဇာတ်လမ်းတို)
၈:၄၀	မိုးလေဝသခန့်မှန်းချက်
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	Sunday Talk
၉:၄၅	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	မြန်မာ့ကြယ်လိပ် ထိန်းသိမ်းစောင့်ရှောက်ရေး
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ဖီဖာကမ္ဘာ့ဖလား
၁၀:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	မိခင်လောင်းများအတွက် အာဟာရ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ လေးကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရေး သစ်ပင်ပျိုးပွဲတော် ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၊ မျိုးစေ့ချစိုက်ပျိုးပေး

ရန်ကုန် မေ ၁၄

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းများ၏ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် သစ်ပင်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် ရဲမွန်တပ်မြို့ တပ်မဌာနချုပ် တိုးချဲ့ရော်ဘာစိုက်ခင်း ရှင်းလင်းဆောင်၌ကျင်းပရာ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ ရတနာ တန်းဝင်အပင် ၅၉၀၀၀ ကျော်၊ နှစ်ရှည်စားပင် ၂၃၀၀၀ ကျော်၊ အရိပ်ရလေကာပင် ၃၅၀၀ ကျော်နှင့် ပန်းအလှပင် ၂၀၀၀ ကျော်တို့ကို မျိုးစေ့ချ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ၂၀၀၅ ခုနှစ် မိုးရာသီတွင် ရော်ဘာဧက ၁၁၀၀ စိုက်ပျိုးနိုင်ရေးအတွက် ရော်ဘာပင်များ ပျိုးထောင်ထားရှိမှုနှင့် အဖူးဆက်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြေပြုပြင်မှု စနစ်တကျဆောင်ရွက်ရေး၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် မြေဩဇာကို သတ်မှတ်ချက်အတိုင်း အသုံးပြုဆောင်ရွက်ရေး၊ ကြားသီးနှံအဖြစ် ပဲစင်းငုံ ဧက ၅၅၀ စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် (ဥပုသ်နေ့)

၁၅-၅-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၂၀	၇။	ကံတင်ဘီးလင်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား"** (အပိုင်း-၃)
၁၂:၁၅	၅။	ကပ်တဲလ်ကြိုးတံတား
၁၂:၃၀	၆။	**"နားလည်တတ်စေ ချစ်တတ်စေ"** လူမင်း၊ မင်းသူ၊ နန္ဒာလှိုင်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
၁၄:၂၀	၇။	တေးဂီတအစီအစဉ်
၁၄:၃၀	၈။	အတီးပြိုင်ပွဲ
၁၄:၃၅	၉။	နဂါးရေလှောင်တမံ
၁၄:၄၅	၁၀။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သချာ်အထူးပြု) (သချာ်)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅	၆။	တေးဂီတအစီအစဉ်
၁၇:၃၀	၇။	ဆိုကြမယ်ပျော်ကြမယ်
၁၈:၃၀	၈။	ညနေခင်းသတင်း
၁၉:၀၀	၉။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၂၂)
၁၉:၃၀	၁၁။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၉:၄၅	၁၂။	ရှုဖွယ်စုံညီမြန်မာပြည်
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၄၁)
	၁၇။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ဝိပဿနာခုနစ်ရက် တရားစခန်း ဖွင့်မည်

ရန်ကုန် မေ ၁၄

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၃၂)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ မေ ၂၂ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်နေ့ ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။**(က-ပ)**

မေ ၁၁ ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက "ဆ" ရပ်ကွက်အတွင်းရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ရန်ကုန်တိုင်းဦးစီးမှူး ဦးတင်အောင်နှင့် အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးကံညွန့်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သံအမတ်ကြီး Mr.Li Jinjun နှင့် MCC President, Mr. Ma Yanliတို့အား ဝန်ကြီး ဦးအောင်သောင်းက စက်ရုံဖွင့်ပွဲအမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က MCC President အား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး MCC President က အမှတ်တရ လက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ကျွမ်းကျင်သူပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ပြည်တွင်းစက္ကူသုံးစွဲမှုကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှစက္ကူတင်သွင်းမှုကိုလျော့ကျစေရန်၊ ပျော့ဖတ်ကိုနိုင်ငံခြားပို့၍ နိုင်ငံခြားငွေတိုးတက်ရှာဖွေရန်၊ လူတစ်ဦးစီ၏စက္ကူသုံးစွဲမှုကို မြှင့်တင်ရန်၊ ခေတ်မီနည်းပညာများ ရရှိစေရန်၊ ဒေသခံပြည်သူများ၏အလုပ်အကိုင် အခွင့်အလမ်းများရရှိ၍ ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဤစက်ရုံကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဆရာတော် ဦးဃောသိတ တရားတော် **"တဏှာသခ်ယသုတ်"**

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Earth's Major Biomes (ဒုတိယနှစ်-ပထဝီဝင်)
၄:၅၀	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၆။	အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။	နိုင်ငံတကာသတင်း
၆:၂၀	၉။	မိုးလေဝသသတင်း
၆:၂၅	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်
၇:၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမွှာနဲ့ ကြမ္မာ"** (အပိုင်း-၂၂)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ပဟေဠိနန်းတော်
	၁၆။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၇။	English Premier League ဘောလုံးပွဲ Southampton Vs Manchester United

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၁၄

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၈၃)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို မေ၂၂ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၁၄

အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း စီစဉ်ကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက စလင်း အားကစားကွင်းနှင့် ပဒေသာ အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းအသင်းနှင့် ကချင်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားရာ စစ်ကိုင်းတိုင်းအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကြည့်မြင်တိုင် မြို့နယ် စလင်းအားကစားကွင်း၌ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(မြန်မာ့အလင်း)

အင်အားပြင်း မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၁၄

၂၀၀၅ခုနှစ် မေ ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၁၁နာရီ ၃၉မိနစ် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၈၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ရဟန်းခံ၊ရှင်ပြု၊သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ အကောက်ခွန်ဦးစီးဌာန၏(၁၈)ကြိမ်မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက် မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ၌ကျင်းပရာ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့်ဇနီး ဒေါ်အိအိလွင်နှင့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများတက်ရောက်ကြည်ညို သိမ်ဆင်း လောင်းလှူကြသည်။

ရှေးဦးစွာ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထံမှငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး **(အပေါ်ယာပုံ)**၊ အကောက်ခွန်ဝန်ထမ်း မိသားစုများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထံမှအနုမောဒနာတရား နာကြားကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

အထက(၁) စမ်းချောင်း ကျောင်းသူကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို မေ ၁ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများကို ကျောင်းသူ ကျောင်းသားဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

ဆရာဝန်အသင်းဆေးပညာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ ဆရာဝန် အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME) ကကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် (Emergency Management for GP' 2005) စာပေးစာယူ သင်တန်းကို မေ ၁၅ရက်မှ ဇူလိုင် ၁၅ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် မေ ၁၅ရက်မှဇွန် ၁၅ ရက်အထိ ရုံးချိန်အတွင်း မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ရုံး ရုံးအဖွဲ့မှူး ဖုန်း-၃၇၈၈၆၃ နှင့် ၂၈၅၁၆၉ တို့သို့ ဆက်သွယ်စာရင်းသွင်းပြီး သင်တန်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးနေ့ဆုမွန်

အလက(၂) သဃ်န်းကျွန်းကျောင်း၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ၂၂-၁၁-၂၀၀၀ရက်မှ ၁၅-၅-၂၀၀၅ရက်များအတွင်း ကိုယ်ကျိုးမဖက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သော ကျောင်းအုပ်ဆရာမကြီး **ဒေါ်ခင်သန်းအေး**(မုဒုံ)၏ ၁၅-၅-၂၀၀၅ရက်တွင် ကျရောက်သော နှစ်(၆၀)ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် သာသနာအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိဘ၊ဆရာ၊ကျောင်းသား၊ကျောင်းသူများ

အလက(၂)သဃ်န်းကျွန်း၊ပညာရေးမိသားစု။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂၄-E၊ မြေကွက်အမှတ် ၂ $\frac{L}{1-A}$၊ ဧရိယာ ၀ ဒသမ ၁၃၂ ဧကရှိ ဂရန်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၆၁၊ ဝါးတန်းလမ်း၊ (ဂ)ရပ်ကွက်၊ လမ်းမတော်မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံတို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် ၄၈၂/၂၀၀၅ဖြင့် ဒေါ်နန်းသိမ်းယုံ ၁/မညန(နိုင်)၀၇၅၄၂၈က ဝယ်ယူလက်ဝယ်ရရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းအဆောက်အအုံ၏ အခန်းများနှင့်ပတ်သက်၍ ပိုင်ရှင်ဒေါ်နန်းသိမ်းယုံ၏ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ အခြားနည်းစီမံခန့်ခွဲခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းသိမ်းယုံ၏လွှဲအပ်ချက်အရ-

ဒေါ်လှလှလွင်

တရားရုံးချုပ်ရှေ့နေ(၅၇၇၃)

၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၂၅၃၃၈၂။

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ပူဇော်မည်

ရန်ကုန် မေ ၁၄

၂၀၀၄ခုနှစ်နှင့် ၂၀၀၅ခုနှစ်များတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပဲခူးမြို့မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာကြီးသုံးပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့အား ပဲခူးအသင်း(ရန်ကုန်)မိသားစုက ဇွန် ၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူးဈေးကြီး ဆန်လှူအသင်း သွန်းတော်မူဘုရားအရှေ့ဘက်ဝင်း ပဲခူးမြို့၌ ပူဇော်ကြမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းလိုပါက ဦးညွန့်ဇော် ဥက္ကဋ္ဌ ဖုန်း-၀၁-၅၃၆၄၆၄၊ ဦးအေးမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၁-၅၁၁၈၀၉၊ ဦးဟန်ကြူ ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၅၂-၂၂၅၀၉၊ ဦးဝင်းမြင့် အတွင်းရေးမှူး ဖုန်း-၀၁-၅၈၀၀၃၂၊ ရုံး ဖုန်း-၀၁-၂၉၂၅၃၆နှင့် ပဲခူးအသင်း(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ကျိုက်ထိုမြို့နယ် ဝင်းပြန်ကျေးရွာတွင် အရဏ်ဦးစာကြည့်တိုက်ဖွင့်

ကျိုက်ထို မေ ၆

ကျိုက်ထိုမြို့နယ် ကွင်းကလေးအုပ်စု ဝင်းပြန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အရဏ်ဦးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက်ဂနာရီက အဆိုပါစာကြည့်တိုက်တွင်ကျင်းပရာ ကျေးရွာဥက္ကဋ္ဌဦးကျင်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်စောလင်းနှင့် စာကြည့်တိုက်အလှူရှင် ဦးမြင့်စိုး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ရှင်းလင်းဟောပြော

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်စောလင်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှစာအုပ်စာစောင်၅၀၊စာကြည့်တိုက်အလှူရှင်ဦးမြင့်စိုး-ဒေါ်အေးအေးခိုင်မိသားစုက လှူဒါန်းငွေကျပ်၅၉၀၀၀၊ ကျေးရွာ ပြည်သူများက လှူဒါန်းငွေကျပ် ၃၄၀၀၀နှင့် အလှူရှင် ဦးပိန်က အလျား ပေ ၄၀၊အနံ ပေ၂၀ရှိ မြေကွက်တို့ကို ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်

ကျောက်ဆည် မေ ၈

၂၀၀၅ခုနှစ် ကျောက်ဆည်ခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဖွင့်လှစ်ပွဲကို မေ ၂ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ဆောင် ခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူက သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်မြို့နယ်မှ သင်တန်းသား သင်တန်းသူ ၁၀၀တို့ တက်ရောက်ကြပြီး မန္တလေးမြို့ ယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြဆရာသုံးဦးနှင့် အနုပညာရှင်များက ဦးဆောင်သင်ကြားပို့ချလျက်ရှိရာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဧပြီ၂၈ရက် က ထားဝယ် မြို့ ဆင် ဆိပ် လမ်းတိုးချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်မှု ကို ထား ဝယ် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း နှင့် အဖွဲ့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ဧပြီ ၅ရက်က မြဝတီမြို့ အမှတ်(၄)ရပ်ကွက် စစ်မှုထမ်းဟောင်းရုံးရှေ့ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ရွှေကျင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် သုတ၊ ရသ မဂ္ဂဇင်း စာအုပ်မျိုးစုံလှူဒါန်း

ရွှေကျင် မေ ၅

ရွှေကျင်မြို့နယ် ဝင်းခနိမ်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၆ရက်က အဆိုပါ ကျေးရွာတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာရောင်ခြည်ဦး စာကြည့်တိုက် အဆောက်အအုံကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးရည် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်အလှူရှင်များဖြစ်ကြသည့် အနောက်ဘက်ကျေးရွာနေ ဦးသန်းရွှေမှ မြိုင်သာယာ၏ မှတ်သားဖွယ်ရာ သမိုင်းမှတ်စုများ သုတ၊ ရသစာအုပ် ၂၀၀ **(အပေါ်ဝဲပုံ)**၊ ပွဲကုန်းရပ်ကွက်နေ ဦးမောင်လေးက မြဝတီမဂ္ဂဇင်းအုပ်ရေ ၁၈၀၊ ဦးထွန်းထွန်း (အောင်မြန်မာစာပေ)က ဂျာနယ်၂၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ် ၄၀နှင့် ဝင်းခနိမ် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဌေးနှင့် အဖွဲ့ဝင်များက မဂ္ဂဇင်းစာအုပ်မျိုးစုံ ၁၅၀တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပိုင်ကျုံမြို့တွင် ရှေးဦးသူနာပြု ဆင့်ပွားသင်တန်းဆင်း

လှိုင်းဘွဲ့ မေ ၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သော လူထုအတွင်း ရှေးဦးသူနာပြုစုခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဆင်းပွဲကို ဧပြီ၂၅ရက် နံနက် ၉ နာရီက ပိုင်ကျုံမြို့ အခြေခံပညာအထက်တန်း ကျောင်းခန်းမဆောင်တွင် ကျင်းပရာ ပိုင်ကျုံမြို့ အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ မြို့နယ် ကြက်ခြေနီအသင်းအမှုဆောင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရရှိကြသော သင်တန်းသူ သင်တန်းသားများအား ဆုများနှင့် ဆေးအိတ်များကို တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်ပြီး ပိုင်ကျုံမြို့ ကြက်ခြေနီသူနာပြုတပ်ရင်းမှူး စခန်းမှူး ဇော်ဝေလွင်က သင်တန်းသား သင်တန်းသူ ၅၃ဦးတို့၏ ကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်း လက်မှတ် ပေးအပ်သည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

စုပေါင်းသန့်ရှင်း

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဧပြီ ၂၃ ရက်က အောင်ဇေယျ လမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲယာတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သူကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

အင်းလေးကန်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးသစ်ပင်ပျိုးထောင်ပေး

ဆီဆိုင် မေ ၁

ဆီဆိုင်မြို့နယ် သစ်တောဦးစီးဌာနမှ အင်းလေးကန် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၂၀၀၅ခုနှစ် သစ်ပင်ပျိုးထောင်ပွဲတော် အခမ်းအနားကို ဧပြီ ၂၄ရက် နံနက် ၉နာရီက ဆီဆိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးယဉ်ထွေးက စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်က စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ပတ်သက်၍ စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တောအုပ် ဦးသိန်းစိုးက မျိုးစေ့အမျိုးအစားအလိုက် စနစ်တကျ သစ်ပင်ပျိုးထောင်သည့် နည်းစနစ်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ခြောက်ရပ်ကွက် ပြည်သူများက သစ်ပင် ပျိုးထောင်ခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/**

[illegible]

[illegible] ILBC [illegible]

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန်အတွက် C.P.A အွဲ့ရ (၅)ဦး အလိုရှိသည်။

- အသက် ၄၀နှစ်အောက်ဖြစ်ရမည်။
- လုပ်သက် (၅)နှစ်အနည်းဆုံးရှိရမည်။
- Accpac Plus, UBS Accounting Software တစ်မျိုးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် လက်တွေ့အသုံးပြုနေသူ ဖြစ်ရမည်။

C.V Form ၊ မကြာသေးမီက ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ အွဲ့လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်တို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ်(၅)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၀၃၄၄၊ ၅၀၀၃၅၅၊ ၅၀၄၄၁၈၊ ၅၁၂၆၂၇။

လေလံကြော်ငြာ

(၁) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် အသုံးပြုရန် မလိုအပ်တော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချပါမည်။ မာဇဒါအီး(၂၀၀၀) ည-၂၈၁၅

(၂) အမှတ်(၁၁၄) ပြည်ထောင်စုရိပ်သာလမ်းသို့ ဆက်သွယ်၍ (၂၀-၅-၂၀၀၅)ရက်နေ့ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြပါသည်။

လေလံတင်အဖွဲ့
၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

[illegible] TTA [illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်း

ဦးဝင်းမြင့် မှတ်ပုံတင်အမှတ် PMA-၁၀၆၀၆၉ အမည်ပေါက် တောင်ကြီးမြို့၊ အေးသာယာမြို့သစ် အကွက်ကြီး (၈၄)၊ အကွက်အမှတ် ၁၈၆၈၏ နှစ်(၃၀)ဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားလာ၍ ကန့်ကွက်လိုသူများ ရက်ပေါင်း ၃၀ အတွင်း တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း။ **တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

အမည်မှန်

အဖ ဦးမြင့်သောင်း၏သမီး အထက(၃) တမည ပဉ္စမတန်း(စ)မှ မအိသဉ္ဇာမြင့်အား မရတနာအောင် ဟု ပြောင်းလဲခေါ်ပါရန်။

မရတနာအောင်။

ဒိုက်ဦးပြည်လုံးချမ်းသာ ဂန္ဓကုဋိတိုက်ဝန်းကျင်ဘုရားများ

ပြုပြင်မွမ်းမံရန် ငွေလှူ

ဒိုက်ဦး မေ ၁၂

ဒိုက်ဦးမြို့နယ်လုံးဆိုင်ရာ ပြည်လုံးချမ်းသာ ဗုဒ္ဓမြတ်စွာ ဂန္ဓကုဋိတိုက်ဝန်းကျင် ဘုရားများပြုပြင်မွမ်းမံရန် အတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၆ရက် ညနေ ၅နာရီက အဆိုပါ ဘုရားဝင်းအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မြို့ဦးစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏ အရှင်သူမြတ်က ငါးပါးသီလ ချီးမြှင့်တော်မူသည်။

လှူဒါန်း

ဆက်လက်၍ အလှူတော်ငွေပေး အပ်ပွဲတွင် အလှူရှင်ဦးမွန်လရောင်း မိသားစုက ငွေကျပ် ၁၂သိန်းနှင့် ဦးစိုးလွင်-ဒေါ်ခင်အုန်းမြင့်မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပြည်လုံးချမ်းသာဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးထိန်ထံ ပေးအပ် လှူဒါန်းကြသည်။ **(က-ပ)**

မေ ၈ ရက်က ကြို့ပင်ကောက်မြို့နယ် ရွှေပန်းတော-တောင်ပို့ပြောင် ကျေးရွာချင်းဆက်လမ်း ဂဝံကျောက်ခင်းရန် လမ်းမျက်နှာပြင် ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌဦးလှသိန်း၊ မြို့နယ်အတွင်းရေးမှူး ဦးစံဝင်း၊ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၄ဝ)

မေ ၉ ရက်က ကွယ်လွန်သူ သားလတ် ဦးခင်ဇော်သိမ်း (ဒုကြီးကြပ်ရေးမှူး၊ သန်လျင် မြို့နယ် စိုက်ပျိုးရေး မန်နေဂျာရုံး)၊ သားငယ် ဦးအောင်မျိုးသိမ်းတို့အား ရည်စူး၍ တိုက် ၂ အခန်း ၁၅ မင်္ဂလာတောင်ညွန့် အိမ်ရာ မင်္ဂလာတောင်ညွန့် မြို့နယ်နေ မိခင်ကြီး ဒေါ်တင်ကြည် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံပညာပို့ချမှုသင်တန်းဖွင့်

နွားထိုးကြီး မေ ၈

မျိုးဆက်သစ်လူငယ်များ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံ ပညာပို့ချမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း အောင်သူရိန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး သင်တန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီက သင်တန်း စည်းကမ်းများကို ပြောကြားသည်။

အဆိုပါ သင်တန်းကို တစ်လကြာအထိ ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ (၂၁၃)

မြို့နယ်စည်ပင် သာယာရေး အဖွဲ့မှ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး အတွက်မေ ၁၀ ရက်က ဇေယျာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ် (၂) ရပ်ကွက် လမ်းများတွင် လမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းတူးဖော် ဆောင်ရွက်မှုကို မြို့နယ်အတွင်းရေးမှူးဦးအောင်မြင့်ဦးနှင့် အမှုဆောင်အရာရှိ ဦးလှဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၂၆၅)

တောင်သာမြို့ပေါ်တွင် သောက်သုံးရေပေးသော ဘုန်းစင်ဆည်ကို မေ ၄ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစောသန့်ဆွေ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းမြင့်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြက်ခြေနီလူငယ်လေ့ကျင့်ရေး အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၅)မိုင်းဖြတ်မြို့တွင် ဖွင့်လှစ်

မိုင်းဖြတ် မေ ၆

မိုင်းဖြတ်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ကြက်ခြေနီလူငယ် လေ့ကျင့်ရေး အခြေခံသင်တန်းအမှတ်(၁/၂၀၀၅)ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ဘုရင့်နောင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ မင်းလွင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး တင်ရွှေက သင်တန်းစည်းကမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲခြင်းရလဒ်ရဲ့ ကောင်းကျိုးချမ်းသာ ပြည့်ပြည့်ဝဝခံစားနေချိန် ပြည်ပြေးစဝ်ခမ်းဖက တိုင်းဆူပြည်ဖျက်လုပ်ရပ်နဲ့ ပြည်ထောင်စုပြိုကွဲစေမယ့်လုပ်ရပ်တွေလုပ်လာ

တိုင်းပြည်နဲ့လူမျိုးရဲ့ အကျိုးစီးပွားပျက်စီးအောင် လုပ်ဆောင်တာဖြစ်လို့ လုံးဝလက်မခံ

ရန်ကုန် မေ ၁၄

ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ရက် နံနက် ၇နာရီ မိနစ်၅၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ သဘာပတိ သိန်းနီမြို့ ရပ်ကွက်(၁)မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းကျော်မြင့်က အဖွင့်မိန့်ခွန်းကို အောက်ပါအတိုင်းပြောကြားသွားသည်။

ချစ်ခင်မြတ်နိုးအပ်ပါသော ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့နယ်မှ တိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား–

ကျွန်တော်ကတော့ ဒီလူထုအစည်းအဝေးကြီးမှာ သဘာပတိအဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ ဆောင်ရွက်ခွင့်ရတဲ့ သိန်းနီမြို့ ရပ်ကွက်(၁)မှ ဦးစိုင်းကျော်မြင့် ဖြစ်ပါတယ်။ **စာမျက်နှာ ၇ ကော်လံ ၁** ❐

ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ကြွေးကြော်သံများဖြင့် ကြွေးကြော်ပြီး ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

ပြည်ပြေးများက ပြည်ပမှာ လက်ဖြန့်ခံ တောင်းရမ်းစားသောက်လို့ရရုံလိမ်ပြီးရင်းလိမ် သိန်းနီပြည်သူလူထုကို မလိမ့်တပတ်နဲ့ ခုတုံးလုပ်မှု လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချ

သိန်းနီမြို့နယ် ကွန်ကောက်ကျေးရွာမှ ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တပ်မဟာ(၁၁)မှ တပ်မဟာမှူး ရှမ်းတိုင်းရင်းသား ဦးကန်နက ပြည်ပြေးစဝ်ခမ်းဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို တင်သွင်းစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၄

ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ရက် နံနက်၇နာရီ မိနစ်၅၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ သိန်းနီမြို့နယ် ကွန်ကောက်ကျေးရွာမှ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တပ်မဟာ(၁၁)မှ တပ်မဟာမှူး ရှမ်းတိုင်းရင်းသား ဦးကန်နက **“ပြည်ပြေးစဝ်ခမ်းဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို အောက်ပါအတိုင်း တင်သွင်းသွားသည်။ **စာမျက်နှာ ၆ ကော်လံ ၁** ●

တစ်ခဲနက် ကြွေးကြော်

■ ပြည်ပြေး စဝ်ခမ်းဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား သိန်းနီမြို့နယ်မှ တိုင်းရင်းသားပြည်သူ များက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာ။

■ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထုက “ပြည်ပအားကိုး ပြည်ပြေးစဝ်ခမ်းဖနှင့်အဖွဲ့ ကျဆုံးပါစေ၊ ကျဆုံးပါစေ”၊ “ပြည်ထောင်စု မပြိုကွဲရေး” ဒို့အရေး ဒို့အရေး၊ “တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး” ဒို့အရေး ဒို့အရေး၊ “အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး” ဒို့အရေး ဒို့အရေး၊ “အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး” အောင်ရမည်၊ အောင်ရမည်၊ အောင်ရမည်ဟု တစ်ခဲနက် ကြွေးကြော်။